# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 2 May 2025 ၁၁၈၀၅


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


**လျှော့ဒဏ်နှင့် သဘာဝဘေးအန္တရာယ်သင့် ပြည်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သ**

စာမျက်နှာ » ၅

---

**အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှ အလင်း အလင်းမှ အလင်းသို့သာ**

ဆောင်းပါး စာမျက်နှာ » ၆

---

**၂၀၂၅ ခုနှစ် မေလ(ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်**

စာမျက်နှာ » ၁၂

---

**ကိုယ့်စိတ်ကို သတိထား**

ယဉ်ကျေးလိမ္မာ စာပဒေသာ

စာမျက်နှာ » ၂၁




တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှုကို တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်၍ သင်ခန်းစာများ အနီးကပ် သင်ကြားပို့ချပေးလျက်ရှိ

မန္တလေး မေ ၁

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်တွင် ပြန်လည်ဖြေဆိုကြရမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့်ကျောင်းများ၌ လေ့ကျင့် သင်ကြားရေးစခန်းများဖွင့်လှစ်၍ တက္ကသိုလ်များမှ ပါမောက္ခများနှင့် အခြေခံပညာဆရာ ဆရာမများက သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



## ပွင့်ဖြူမြို့နယ်၌ ငှက်ပျောဈေးကွက် ကောင်းမွန်၍ စိုက်ပျိုးတောင်သူများ အဆင်ပြေ

ပွင့်ဖြူ မေ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ငှက်ပျောဈေးကွက် ကောင်းမွန်လာသဖြင့် ငှက်ပျောစိုက်ပျိုးတောင်သူများ အကျိုးအမြတ်ရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ငှက်ပျောဈေးကွက် ကောင်းမွန်လာလို့ ဒေသတွင်းရှိ ငှက်ပျောစိုက်ပျိုးတောင်သူတွေ လုပ်ငန်းအဆင်ပြေကြတယ်။ ကျွန်တော်တို့ တောင်သူအများစုက

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၁

| | |
|---|---|
| ညောင်ဦး | ၄ ဒသမ ၃၇ လက်မ |
| မြစ်သား | ၃ ဒသမ ၆၂ လက်မ |
| ဘိုကလေး | ၃ ဒသမ ၃၇ လက်မ |
| ကျောက်ပန်းတောင်း | ၃ ဒသမ ၂၇ လက်မ |
| နမ့်စန် | ၃ ဒသမ ၁၁ လက်မ |
| မော်လမြိုင်ကျွန်း | ၂ ဒသမ ၄၈ လက်မ |

ကြေးမုံ

# နိုင်ငံတော်ကာကွယ်ရေးအတွက် နိုးကြားသည့် ဇာတိသွေး၊ ဇာတိမာန်

အနော်ရထာမင်းလက်ထက်မှသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ မင်းနေပြည်တော် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးပြင်လေးရပ်တို့ကို စောင့်ရှောက်ရသည့် ထောင်မှူးလေးဦး၊ သူရဲ ၄၀၀၀ စီမှတစ်ပါး အမြဲတမ်းဖွဲ့စည်းထားသည့် တပ်မတော်ဟူ၍ မရှိခဲ့ပေ။ ပြည်တွင်း၊ ပြည်ပစစ်မက်အရေး ပေါ်ပေါက်လာသည့်အခါမှသာ တစ်နိုင်ငံလုံးရှိ ရဲရင့်သန်မာသောပြည်သူများကို ဆင့်ခေါ်၍ ဖွဲ့စည်းတိုက်ခိုက်စေခဲ့သည်။ ဆိုလိုသည်မှာ တိုင်းပြည်အရေးပေါ်ပေါက်လာသည့်အခါတွင် ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်ဖြင့် တစုတရုံးတည်း ပါဝင်ခဲ့ကြသည့် ပြည်သူများသည် စစ်မှုထမ်းဟောင်းများဟု ဆိုချင်သည်။

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ မျက်မှောက်ကာလအထိ မြန်မာနိုင်ငံ၌ တစ်ခုတည်းသော အမြဲတမ်းတပ်မတော်ကြီး ဖြစ်ထွန်းတည်ရှိနေသည်။ တိုင်းရေးပြည်ရေး တိုင်းပြည်ကာကွယ်ရေးကိစ္စများရှိလာပါက အမြဲတမ်းတပ်မတော်ကြီးကို ရှေးရှေးဇာတိသွေး၊ ဇာတိမာန်အစဉ်အလာများအတိုင်း ကူညီအားဖြည့်ပေးကြရမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်နှင့်အတူလက်တွဲ၍ ပြည်သူ့စစ်များဖွဲ့စည်းပြီး တိုင်းပြည်ကာကွယ်ရေးကို ဆောင်ရွက်ခဲ့ကြသလို မျက်မှောက်ကာလတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများသည် တပ်မတော်နှင့်လက်တွဲ၍ ရန်စွယ်အန္တရာယ်တို့ကို ကာကွယ်နေကြပြီဖြစ်သည်။

"တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့်သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာ အားပြုနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် "ပြည်သူ့စစ်မဟာဗျူဟာ"ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့် ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပံ့ပိုးပေးသွားကြရမည်ဖြစ်ကြောင်း" ဧပြီ ၃၀ ရက်တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ (၂၀၂၅)တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသများအလိုက် အချင်းချင်းအပြန်အလှန် အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများဖွဲ့ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ထားဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းဟောင်းများ ဗဟိုနှင့် မြို့နယ်များကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကိုဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏ မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၁၈ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ရည်ရွယ်ချက်(၄)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကို ချမှတ်ပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသလုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းကြီးများနှင့် ဖွဲ့စည်းထားခြင်းဖြစ်၍ စစ်ရေးအရ အတွေ့အကြုံများခဲ့သူများဖြစ်သည်။ ထို့ပြင် တပ်မတော်မှ အနားယူပြီးနောက် ပြည်သူများကြားတွင် ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့် ပြည်သူများကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် အပြောအဆို အပြုအမူများကို သတိပြုကြရန်လိုမည်ဖြစ်သည်။ စစ်မှုထမ်းဟောင်းများ၏ အပြုအမူအပြောအဆိုသည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တပ်မတော်အပေါ်တွင်ပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည်ကို နှလုံးသွင်းထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သားဟောင်းများဖြစ်သည့် ပြည်သူများသည် မိမိတို့ဇာတိသွေး၊ ဇာတိမာန်တို့ဖြင့် ထမ်းဆောင်ခဲ့ကြသည့် အစဉ်အလာကောင်းများနှင့် ဂုဏ်သိက္ခာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး စစ်သားကောင်းများပီပီ တပ်မတော်နှင့် ပြည်သူကြားတွင် ပေါင်းကူးတံတားသဖွယ် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၁ ရက်အထိ သေဆုံးသူ ၃၈၃၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၅ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၉ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၃၀ ရက် ည ၇ နာရီမှ မေ ၁ ရက် ညနေ ၅ နာရီ အတွင်း မြန်မာ-ထိုင်ဝမ် ကုန်သည်ကြီးများအသင်းမှ လှူဒါန်းသည့် ခြင်ထောင်၊ ခေါက်ဆွဲခြောက်နှင့် ရွက်ဖျင်တဲ စုစုပေါင်း တန်ချိန် ၁ ဒသမ ၃၄၂ တန်နှင့် Full Moon Services Ltd မှ မှာယူ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ငလျင်ဘေးသင့် ဝန်ထမ်းများ အသုံးပြုနိုင်ရန် လှူဒါန်းသည့် ရွက်ဖျင်တဲ တန်ချိန် ၃ ဒသမ ၁ တန် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရေကြည်မြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်



ရေကြည် မေ ၁

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင် ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ယနေ့နံနက်ပိုင်းတွင် မြို့ရိုးဒွါရစေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးရှိ သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စေတီတော်မြတ်ကြီး ဘုရားပရိဝုဏ်အတွင်းရှိ စေတီတော်များအား ဘုရားပန်း လဲလှယ်ခြင်း၊ ရင်ပြင်တော်နှင့် လျှောက်လမ်းများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်ကောက်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ စွန့်ပစ်ခြင်း၊ စေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လုပ်အားဒါနပေးပွဲ ကျင်းပ

ကြံခင်း မေ ၁

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်မှုဖြင့် ယနေ့နံနက်ပိုင်းက ချင်းမြောင်ကျေးရွာအုပ်စု (၁၁)မီးငြိမ်း စေတီတော်တွင် စုပေါင်းလုပ်အားဒါနပေးပွဲ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ်သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စေတီတော်နှင့် ရင်ပြင်တော်တို့အား ရေသပ္ပာယ်ခြင်း၊ ဘုရားဝင်းအတွင်း ချုံနွယ်များ ရှင်းလင်းခြင်းတို့ကိုဆောင်ရွက်ပြီး ဘုရားပန်းများကပ်လှူကာ တံမြက်စည်းလှဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။



မိုးဟိန်းထက်

## ၂-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၇၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်ကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကာလအတွင်း မီးရထားတိုင်းနယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများ၊ ရေဘေးနှင့်မြေငလျင်ဘေး စသည့်သဘာဝဘေးဒဏ်ကြောင့် ရထားလမ်းပိုင်း ပျက်စီးမှုများအပေါ် ရထားစီးခရီးသည်များ ဘေးအန္တရာယ်မကျရောက်စေရေးနှင့် ရထားများ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အမှုထမ်းနှင့် အရာထမ်းများ၊ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများတွင် ပိတ်မိခဲ့ကြသူများကို သက်စွန့်ကြိုးပမ်း ကယ်တင်ပေးခဲ့ကြသည့် ဝန်ထမ်းများနှင့် အဆိုပါကာလ လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၂)ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲ ပြုလုပ်

နေပြည်တော် မေ ၁

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံပွဲ (12th ASEAN Navy Young Officers Interaction) ကို ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။



**ဆွေးနွေး**

တွေ့ဆုံပွဲသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များသည် ဧပြီ ၂၈ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အရာရှိငယ်များသည် ဧပြီ ၂၉ ရက်တွင် ဖွင့်ပွဲအခမ်းအနား တက်ရောက်ခြင်း၊ နိုင်ငံအလိုက် ရေတပ်သမိုင်းကြောင်း ရှင်းလင်းခြင်းနှင့် "ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရေကြောင်းလုံခြုံရေး ပေါင်းစည်းညီညွတ်အားဖြင့် ဟန်ချက်ညီ ဆောင်ရွက်ကြပါစို့" ခေါင်းစဉ်အား ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များအား စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် Lotte Hotel ရှိ Sapphire Ballroom ခန်းမ၌ ကြိုဆိုလက်ခံ တွေ့ဆုံခဲ့သည်။ ဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များက တစ်ဦးချင်း နှုတ်ဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ညပိုင်းတွင် စစ်ဦးစီးအရာရှိချုပ်(ရေ)က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အာဆီယံ ရေတပ်အရာရှိငယ်များသည် တပ်မတော်(ရေ) လှေလှော်ရွက်တိုက် အသင်း (အင်းလျားကန်)တွင် လှေလှော်ခြင်းနှင့် ရွက်တိုက်ခြင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြပြီး အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုမှ စစ်ရေယာဉ်ကို သွားရောက်လေ့လာခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာကြည့်ရှုခြင်းနှင့် ရွှေတိဂုံဘုရား၊ ဗိုလ်ချုပ်အောင်ဆန်း ဈေးတို့သို့ လေ့လာရေးခရီးများ သွားရောက်ခဲ့ကြသည်။ အာဆီယံရေတပ်အရာရှိငယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

ဒိုက်ဦး မေ ၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒေသန္တရစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာများအား မြို့နယ်ဒေသန္တရစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

☆ ရှေ့ဖုံးမှ

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာမေးပွဲ ပြန်လည် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ဧပြီ ၂၈ ရက်မှ စတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျ ပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြှင့်တင်နိုင်ရန် အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**သင်ကြားပေးလျက်ရှိ**

ယင်းသို့သင်ကြားပို့ချပေးလျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုအောင်က "ကျွန်မတို့ ကျောင်းမှာတော့ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် Camp ဖွင့်လှစ်ပြီး သင်ကြားပေးလျက် ရှိပါတယ်။ ကလေးတွေ စားသောက်ရေး အဆင်ပြေစေဖို့အတွက် မနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေ စီစဉ်ပေးထားပါတယ်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲနဲ့ ဆေးဝါးအပါအဝင် အသေးစိတ် စီစဉ်ပေးထားပါတယ်။ Camp ကို ဧပြီ ၂၈ ရက်က စတင်ဖွင့်လှစ်ပြီး ကလေးတွေ စာမေးပွဲ ဖြေဆိုပြီးတဲ့အထိ ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ စာသင်ချိန်အနေနဲ့ ဘာသာရပ်အလိုက် နံနက်၈ နာရီက စပြီးသင်ကြားပေးပါတယ်။ ညဘက်မှာလည်း သင်ခန်းစာတွေကို Revision သဘောမျိုး ပြန်လည်ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ကျောင်းမှာတော့ ကျောင်းသား ကျောင်းသူ ၅၁ ဦး ရှိပါတယ်။ နောက်ထပ် ကလေးတွေ ထပ်ရောက်ဖို့လည်း ရှိပါတယ်။ အခုလို နိုင်ငံတော်ရဲ့ စီစဉ်ဆောင်ရွက် ပေးမှုအပေါ် ကလေးတွေကလည်း အားတက်သရောရှိကြပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေပြန်လုပ်ကြတဲ့အတွက် ကျွန်မအနေနဲ့လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲကိုလည်း အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။



တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှုကို တွေ့ရစဉ်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှု အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့် သက်ဆိုင်သည့် အထောက်အကူပြု သင်ခန်းစာ စာရွက်စာတမ်းများကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုရန် လေ့ကျင့်သင်ကြားရေးစခန်း၌ သင်ခန်းစာများ ပြန်လည်သင်ကြားနေသည့် ကျောင်းသူ မနီနီမြတ်မှူးကလည်း "စာမေးပွဲ ပြန်လည်ဖြေဆိုရမယ်ကြားတော့ ကျွန်မအနေနဲ့ ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဖြေဆိုခဲ့တဲ့ စာမေးပွဲမှာ အားနည်းခဲ့တဲ့ ဘာသာရပ်တွေရှိခဲ့တယ်။ အခုပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာ အစွမ်းကုန်ကြိုးစားနိုင်မယ့် အခွင့်အရေးရတယ်လို့ မြင်မိပါတယ်။ လျှော့ကြောင့် အဖြေလွှာတွေ ပျက်စီးသွားတဲ့အတွက် နမြောမိပေမယ့် သဘာဝဘေးအန္တရာယ်ဆိုတာ ကြိုမသိနိုင်တဲ့အတွက် အခုလို စာမေးပွဲ ပြန်လည်ဖြေဆိုပေးရမယ့်အပေါ်မှာ လက်ခံပေးရမှာ ဖြစ်ပါတယ်။ Camp မှာတော့ ဘာသာရပ်အလိုက် တစ်ဘာသာကို တစ်နာရီနှုန်းနဲ့ သင်ကြားပို့ချပေးနေပါတယ်။ ဒီမှာနေရတာ နေထိုင်စားသောက်ရေး အားလုံး အဆင်ပြေပါတယ်။ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ ဆောင်ရွက်ပေးပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့ နည်းပညာတက္ကသိုလ်တက်ချင်တာပါ။ ဒီရည်ရွယ်ချက် ပြည့်မြောက်အောင်လည်း ကြိုးစားသွားမှာ ဖြစ်ပါတယ်။ သူငယ်ချင်းတွေအားလုံးလည်း အခွင့်အရေးရှိတုန်း စာမေးပွဲပြန်လည်ဖြေဆိုပြီး အကောင်းဆုံးကြိုးစားကြစေလိုပါတယ်"ဟု ပြောသည်။

ကျောင်းသားမိဘ တစ်ဦးကလည်း "ကျွန်မ သားလေးကို တက္ကသိုလ်ဝင် စာမေးပွဲကြီးမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်စေဖို့ Camp ကို လာပို့ခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုး ကျောင်းသား ကျောင်းသူတွေအတွက် စာမေးပွဲပြန်လည်ဖြေဖို့ စီစဉ်ပေးတဲ့အပြင် ဆရာ ဆရာမတွေနဲ့ အနီးကပ်သင်ကြားပေးဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်မသားလေး ပထမအကြိမ် ဖြေခဲ့တုန်းကလည်း အားရကျေနပ်မှုရှိခဲ့သလို အခုပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာလည်း အရင်ထက် ပိုမိုကြိုးစားဖို့ မှာထားပါတယ်။ Camp မှာလည်း ဆရာ ဆရာမတွေက အားလုံး ဂရုတစိုက်ဆောင်ရွက်ပေးတဲ့အတွက် ကလေးတွေလည်း လုံခြုံစွာနဲ့ သင်ခန်းစာတွေ လေ့လာနေကြပါပြီ။ နေထိုင်စားသောက်ရေးကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲ ပြန်လည် ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း စိတ်ဓာတ်မကျဘဲ အခွင့်အရေးရတယ်လို့မှတ်ယူပြီး ကြိုးစားကြပါ။ အောင်မြင်မှုက နောက်က လိုက်လာပါလိမ့်မယ်" ဟု ပြောသည်။



ဒေါ်ချောစုအောင်



မနီနီမြတ်မှူး



ကျောင်းသားမိဘ တစ်ဦး

**လေ့လာသင်ကြားနိုင်**

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည် ဖြေဆိုကြရမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်၍ Revision Class ပုံစံဖြင့် အနီးကပ် သင်ကြားပေးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက်လည်း အွန်လိုင်းမှ သင်ခန်းစာများကို လေ့လာနိုင်ရန် စီစဉ်ထားကြောင်း၊ ထို့ပြင် Education Channel များ၊ ပုဂ္ဂလိကကျောင်းများ၏ Youtube Channel၊ Telegram များတွင် ဖြန့်ဝေထားသည့် ပညာဒါန အတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

---

❖ ပွင့်ဖြူမြို့နယ်မှ

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ တွဲဖက်ပြီး ငှက်ပျောကို အားထားစိုက်ပျိုးကြပါတယ်။ အဓိကစိုက်ပျိုးတဲ့ ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ ရခိုင်ငှက်ပျော၊ သီးမွေးငှက်ပျောတို့ကို စိုက်ပျိုးကြတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး အရောင်းသွက်ကာ ဈေးပိုရတဲ့အတွက် တောင်သူတွေအများစုက အခြားငှက်ပျောထက် ပိုပြီးစိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဖီးကြမ်းငှက်ပျောစိုက်ပျိုးသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**တင်ပို့ရောင်းချ**

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေကို စနစ်တကျအသုံးချပြီး ဒေသနှင့် ကိုက်ညီသည့် ငှက်ပျောမျိုးများကို တစ်နှစ်ပတ်လုံး စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကာ စိုက်ပျိုးထွက်ရှိသော ငှက်ပျောသီးများကို လက်လီလက်ကား ဈေးသည်များကို ဖြန့်ဖြူးရောင်းချပေးသကဲ့သို့ မင်းဘူး၊ မကွေး၊ ရန်ကုန်၊ မန္တလေးမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )**



(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးညိုမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးညွန့်ဝေသန်းနှင့် တပ်ဖွဲ့ဝင်များက မေ ၁ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း/အပြင်နှင့် ဆေးရုံအဆောင်များပတ်လည်ရှိ ပေါင်း/မြက်/အမှိုက်များကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း ဆောင်ရွက်စဉ်။

ကိုမင်း(ပြန်/ဆက်)

## ကျုံပျော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျုံပျော် မေ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက တေဇရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံတွင် သန့်ရှင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့် ဦးဆောင်သည့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိလူနာဆောင်များနှင့် နားနေဆောင်ဝန်းကျင်ရှိ ပေါင်းမြက်နှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်းတို့ကို စုပေါင်းကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၁**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၁**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၁**


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဖိတို့သည် ယနေ့နံနက်ပိုင်းတွင် သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ အား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်အတူ သီတဂူဆရာတော်ကြီး၏ စံကျောင်းတော်သို့ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ကျိုက်လတ်ချောင်ရှိ ဂူဘုရား၊ ဥမင်သုံးဆယ်စေတီ၊ ရှင်ပင်နံကိုင်းစေတီ၊ လေးကျွန်းမာန်အောင်ဘုရားကြီးနှင့် ဆွမ်းဦးပုညရှင် စေတီတော်၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက်တိလောကဂုရုလိုဏ်ဂူသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပွဲကျပျက်စီးခဲ့သည့် အစိတ်အပိုင်းအား အမြန်ဆုံးပြုပြင်သွားရန်နှင့် နံရံပန်းချီများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဌာနမှကျွမ်းကျင်ဝန်ထမ်းများစေလွှတ်၍ မိုးမကျမီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ပြတိုက်အဆောက်အအုံများနှင့် ပြတိုက်ပစ္စည်းသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ပျောက်ဆုံးမှု၊ ပျက်စီးမှုစာရင်းပြုစုထားရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် မရှိဓာစေတီ (ခေါ်)မဟိယင်္ဏ စေတီ၊ စေတီလှဘုရား၊ ရာဇမဏိ စူဠာစေတီတော် မြတ်ကြီး၊ ဆင်များရှင်စေတီ၊ ထူပါရုံစေတီနှင့် မဟာစေတီများသို့ သွားရောက်၍ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် အပျက်အစီးများ ရှင်းလင်းနေမှုကို ကြည့်ရှုပြီး ဂေါပကအဖွဲ့များထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်နှင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သ

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီကကြီးမှူးကျင်းပသည့် ငလျင်ဒဏ်နှင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်းအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ မက်သဒစ် အင်္ဂလိပ် အသင်းတော် ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။



ဆုတောင်းခြင်းအစီအစဉ်သို့ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီအဖွဲ့ခေါင်းဆောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင် ဒေါက်တာမောင်မောင်နိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ခေါင်းဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် အစီအစဉ်အတိုင်း သမ္မာကျမ်းစာဖတ်ကြားခြင်း၊ ဓမ္မဒေသနာရွတ်ဖတ်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းတို့ ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးစကားများ ပြောကြားကြသည်။

ယင်းနောက် မန္တလေးငလျင်ကြောင့် ငလျင်ဘေးသင့်ပြည်သူများအပါအဝင် ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ အသင်းတော်အဖွဲ့အစည်း အသီးသီးတွင် ကူညီဆောင်ရွက်ပေးကြသူများ၊ ဆေးအဖွဲ့များ၊ ပြန်လည်ထူထောင်ရေးအတွက် ပါဝင်ကူညီပံ့ပိုးပေးကြသူများ၊ သဘာဝဘေးအခက်အခဲကြုံတွေ့တိုင်း ပေးလှူကူညီခဲ့ကြသည့် အလှူရှင်များ၊ အမိမြန်မာပြည်နှင့် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာများပို့သကြသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ယနေ့နံနက် ၉ နာရီတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မချမ်းဘောမြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် ကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီက ပေးပို့လာသည့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အသက် ၁၈ နှစ်ပြည့် လူဦးရေစာရင်းများကို ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်အထိ ပြန်လည်စိစစ်၍ လျာထားမဲရုံများအလိုက် မဲစာရင်းများ ပြုစုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့်



ကျင်းပပြုလုပ်ရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါမဲပေးစက်အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှုမရှိခြင်း၊ မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်း လွဲမှားမှုများကို ကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့် မဲရလဒ်များ ထုတ်ပြန် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်း ခန့်အပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။


ထို့နောက် ကော်မရှင်အဖွဲ့ဝင်သည် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများကို ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်၍ မချမ်းဘောမြို့နယ် အတွင်းရှိ လျာထားမဲရုံတည်နေရာများသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲပြုလုပ်

**ကျုံပျော် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၅–၂၀၂၆ ခုနှစ် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲကို ကျုံပျော်မြို့နယ် အင်းမကျေးရွာအုပ်စု တောင်သူဦးသန်းငြိမ်း၏ လယ်မြေသုံးကေ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တာဝန်ရှိသူများက တက်ရောက်လာသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် တောင်သူများထံသို့ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်ကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ဝန်ကြီးဌာနကိုယ်စားပြုခရိုင်ရုံး ဒုတိယညွှန်ကြားရေးမှူးဦးမင်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များ ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းညွန့်ဇင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများက လယ်မြေအတွင်းသို့ ပိုက်ဆံလျှော် မျိုးစေ့များ စုပေါင်းကြဲပက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှအလင်း အလင်းမှအလင်းသို့သာ

**ဒီမိုကရေစီ အမည်ယူထားသော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် မဲမသမာမှုများ ပြည့်နှက်ခဲ့သော ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏တန်ဖိုးများကို အမှန်အကန်ပြသခဲ့သည်ဟု ဆိုနိုင်ပါသလား။ ပြည်ပငွေကြေးအထောက်အပံ့ဖြင့် တန်ဖိုးသင့်ခဲ့သော ဒီမိုကရေစီ တစ်နည်း ပြည်ပသြဇာခံဒီမိုကရေစီဆိုသည်မှာ စစ်မှန်သောဒီမိုကရေစီ မည်သို့ဖြစ်နိုင်ပါမည်နည်း။**

**မိုးမြင့်**

## ဒီမိုကရေစီတန်ဖိုးများ ဘာကြောင့်ကျဆင်းခဲ့ရသလဲ

ယိမ်းယိုင်ခဲ့ရသည့် မြန်မာတို့၏အတွေးအခေါ်များ၊ ယုတ်လျော့ခဲ့ရသည့် မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံတန်ဖိုးနှင့် အမျိုးသားရေးလက္ခဏာများ၊ ဆိုးဆိုးရွားရွားဖြစ်ခဲ့ရသည့် မြန်မာ့သမိုင်းကြောင်း တရားခံအစစ်ကို ဖွေရှာလိုက်တော့ မှားယွင်းသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အတူ ကျင့်သုံးခဲ့သူများ၊ အဖွဲ့အစည်းများကို တွေ့ရသည်။ ဒီမိုကရေစီနိုင်ငံတွင် ဒီမိုကရေစီကျင့်သုံးသူများကိုယ်တိုင် ပြည်ပနိုင်ငံ၊ ပြည်ပကုမ္ပဏီ၊ INGO ယောင်ယောင် ဖောင်ဒေးရှင်းများ၊ လူပုဂ္ဂိုလ်များ၊ ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ ငွေကြေး၊ နည်းပညာ၊ ကကွက်ကကြိုးအောက်တွင် အသုံးတော်ခံ၊ အချည်ခံရသည့် ဘဝရောက်ရလျှင် ထိုနိုင်ငံများ၏ သြဇာခံဘဝအဖြစ် အလိုလိုရောက်သွားရတော့သည်။

ဤသို့ဖြင့် ပြည်ပသြဇာခံဘဝရောက်ခဲ့ရသည့် မြန်မာနိုင်ငံရှိ ကျွန်တော်တို့လို ဒီမိုကရေစီချစ်မြတ်နိုးသော ပြည်သူများမှာ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ခဲ့သော ပါတီနှင့် အစိုးရနှင့်အတူ နိုင်ငံရေးသမားအချို့၏ မရောင်ရာဆီလူး၊ တလွဲအတွေး၊ တလွဲအပြုအမူများကြောင့် ဒီမိုကရေစီတန်ဖိုးကျဆင်းခဲ့ရပြီး ပြည်သူတို့၏ဘဝများလည်း ရေတိမ်နစ်ခဲ့ရသည်။ အမှောင်သို့သာ သက်ဆင်းခဲ့ရသည်။




## အနှစ်သာရမဲ့သည့်ရွေးကောက်ပွဲဟု ဘာကြောင့်ဆိုရပါသလဲ

ဒီမိုကရေစီရွေးကောက်ပွဲတစ်ခု၌ လူထုဆန္ဒအမှန်ကို မထင်ဟပ်သည့် နိုင်ငံခြားတိုင်းပြည်တစ်ခုခုက ထောက်ပံ့သည့်ငွေကို မိမိပါတီအကျိုးငှာ အသုံးပြုဖို့ လိုအပ်ပါသလား။ ၂၀၂၀ ရွေးကောက်ပွဲအတွက် ထိုစဉ်က UEC နှင့် NLD တို့သည် အမေရိကန်သံရုံးဆီမှ ဒေါ်လာ ၄၆ သန်းကို မည်သည့်အတွက်ကြောင့် ရယူခဲ့ကြပါသလဲ။ အစိုးရနှင့် NLD အတွက် အမေရိကန်ကပေးခဲ့သည့် ဒေါ်လာသန်း ၉၅၀ ကကော မြန်မာပြည်သူအားလုံးအတွက် ပွင့်လင်းမြင်သာမှုရှိခဲ့ပါရဲ့လား။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကိုကော စောင့်ကြည့်ခွင့် မည်သည့်အတွက်ကြောင့် မပေးခဲ့ပါသလဲ။ အောက်ခြေမှာ ပေါက်ပြဲနေသည့်ကြိုတင်မဲစာအိတ်များ၊ အထောက်အထားမရှိဘဲ မဲပေးခဲ့သူများ၊ မဲပေးနိုင်သည့်အရေအတွက်ထက် ပိုသွားသော တရားမဝင်ပိုလျှံမဲအရေအတွက်များ၊ ပြည်သူအများစု သိခွင့်မရခဲ့သည့် ရိုက်နှိပ်မဲအရေအတွက်၊ နှစ်ခါ၊ သုံးခါပြန်မဲပေးခွင့်ရပြီး သေပြီးသူ၊ အသက်ရာကျော် အဘိုးအဘွား ရာဂဏန်းမျှ မဲပေးခဲ့ကြသည့်ရွေးကောက်ပွဲ၊ မဲမသမာမှု ဗီဒီယို၊ ဓာတ်ပုံအထောက်အထားများအပြင် နိုင်ငံရေးပါတီများနှင့် ပြည်သူများဆီမှ ထောင်ဂဏန်းရှိ တိုင်တန်းစာများ၊ ရွေးကောက်ပွဲအပေါ် မကျေနပ်သည့်ဆန္ဒပြပွဲများ စသည်စသည်အားလုံးကိုဖြေရှင်းမပေးဘဲ မည်သည့်အတွက်ကြောင့် လျစ်လျူရှုခဲ့ကြပါသလဲ၊ တပ်မတော်ဘက်က သက်သေအခိုင်အလုံဖြင့် ထုတ်ပြန်ခဲ့သည့် မဲမသမာမှုစာရင်းများအပေါ် တုံ့ပြန်မှုမရှိခဲ့သည့်အခြေအနေများ၊ ဒုတိယအကြိမ် နောက်ဆုံး ပြည်ထောင်စုလွှတ်တော်ကိုပင် မခေါ်ယူနိုင်ခဲ့သည့် အငြင်းပွားဖွယ်ကိစ္စ၊ တိုက်တိုက်ဆိုင်ဆိုင် ၂၀၁၅ မဲစာရင်းများမီးရှို့ခံရမှု၊ ထိုစဉ်က ဥပဒေကို လေးစားလိုက်နာပါသည်ဆိုသူတို့ကိုယ်တိုင် လုပ်ရပ်များက ဥပဒေနှင့်ညီ၊ မညီ၊ NLD အစိုးရနှင့် NLD ပါတီ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်တို့ မသိခဲ့ခြင်းမှာ ဝမ်းနည်းစရာကောင်းလှသည်။

ထို့အတူ ပြည်ပအကူအညီရယူသော ရွေးကောက်ပွဲတစ်ခု၏ ရလဒ်သည် ပြည်သူ့ဆန္ဒအမှန်ကို ထင်ဟပ်ပါရဲ့လား၊ အနှစ်သာရကောရှိခဲ့ရဲ့လား မေးခွန်းထုတ်နေရမည်သာဖြစ်သည်။ ထိုစဉ်က ရွေးကောက်ပွဲကမ်ပိန်းကာလသည် ကိုဗစ် – ၁၉ ကို မြန်မာပြည်သူတစ်ရပ်လုံး အသည်းအသန်ရင်ဆိုင်နေရချိန်ဖြစ်သည်။ ပြည်သူကိုဗဟိုပြုသည်ဆိုသော အစိုးရအနေဖြင့် ပြည်သူ့ကျန်းမာရေးအန္တရာယ်ကို မည်သည့်အတွက်ကြောင့် မျက်ကွယ်ပြုခဲ့ကြပါသလဲ။ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ပြီးမှ ရွေးကောက်ပွဲလှုပ်ရှားမှုနှင့် ရွေးကောက်ပွဲကို မည်သည့်အတွက်ကြောင့် အလျင်စလိုလုပ်ခဲ့ကြသနည်း။ စဉ်းစားစရာများရှိခဲ့မည်ဖြစ်သည်။ လွယ်လွယ်ကူကူ ကောက်ချက်ချနိုင်လောက်အောင်ကို ဘယ်အချိန်ပြိုင်ပြိုင်နိုင်သည်ဆိုသော NLD ပါတီဝင်များက ဤမျှမိုက်မဲခဲ့ကြသည်ကို အံ့သြမဆုံးနိုင်ပါ။

၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ တပ်မဲရုံများကို တပ်ပြင်ပသို့ ဘာကြောင့်ထုတ်ရပါသလဲ၊ နိုင်ငံအကျိုးစီးပွားနှင့် နိုင်ငံလုံခြုံရေးအတွက် အမြဲစဉ်းစားဆောင်ရွက်နေရသည့်တပ်မတော်ကို တစ်ချိန်လုံးဆန့်ကျင်ရလောက်အောင်ကို မိုက်တွင်းနက်ခဲ့ကြပါသည်။ တပ်စစ်သည်၊ ရဲမေအင်အား၊ တပ်တည်တပ်လှုပ်သတင်းအချက်အလက်များစွာ ရန်သူ့လက်ထဲပါသွားနိုင်သည်ကို မသိရလောက်အောင်ပင် ဆင်ခြင်တုံတရားကင်းမဲ့ခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ❐

❄ ယိမ်းယိုင်ခဲ့ရသည့် မြန်မာတို့၏အတွေးအခေါ်များ၊ ယုတ်လျော့ခဲ့ရသည့် မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံတန်ဖိုးနှင့် အမျိုးသားရေးလက္ခဏာများ၊ ဆိုးဆိုးရွားရွားဖြစ်ခဲ့ရသည့် မြန်မာ့သမိုင်းကြောင်း တရားခံအစစ်ကို ဖွေရှာလိုက်တော့ မှားယွင်းသည့်ဒီမိုကရေစီကျင့်စဉ်နှင့်အတူ ကျင့်သုံးခဲ့သူများ၊ အဖွဲ့အစည်းများကို တွေ့ရသည်။ ဒီမိုကရေစီနိုင်ငံတွင် ဒီမိုကရေစီကျင့်သုံးသူများကိုယ်တိုင် ပြည်ပနိုင်ငံ၊ ပြည်ပကုမ္ပဏီ၊ INGO ယောင်ယောင် ဖောင်ဒေးရှင်းများ၊ လူပုဂ္ဂိုလ်များ၊ ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ ငွေကြေး၊ နည်းပညာ၊ ကကွက်ကကြိုးအောက်တွင် အသုံးတော်ခံ၊ အချည်ခံရသည့် ဘဝရောက်ရလျှင် ထိုနိုင်ငံများ၏ သြဇာခံဘဝအဖြစ် အလိုလိုရောက်သွားရ

❄ ဤသို့ဖြင့် ပြည်ပသြဇာခံဘဝရောက်ခဲ့ရသည့် မြန်မာနိုင်ငံရှိ ကျွန်တော်တို့လို ဒီမိုကရေစီချစ်မြတ်နိုးသော ပြည်သူများမှာ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ခဲ့သောပါတီနှင့် အစိုးရနှင့်အတူ နိုင်ငံရေးသမားအချို့၏ မရောင်ရာဆီလူး၊ တလွဲအတွေး၊ တလွဲအပြုအမူများကြောင့် ဒီမိုကရေစီတန်ဖိုးကျဆင်းခဲ့ရပြီး ပြည်သူတို့၏ဘဝများလည်း ရေတိမ်နစ်ခဲ့ရသည်။ အမှောင်သို့သာ သက်ဆင်းခဲ့ရ

❒ စာမျက်နှာ ၆ မှ

နောင်အနာဂတ်ရွေးကောက်ပွဲများတွင် ဒီမိုး၊ ဒီလေ၊ ဒီလူများနှင့် အလုပ်ဖြစ်ပါ့မလား။ တပ်မတော်နှင့် ပြည်သူ သောကအပူထပ်မဖြစ်ရလေအောင် ကြိုတင်မြော်တွေး စဉ်းစားထားသင့်ပါသည်။ IFES ဟုခေါ်သည့် International Foundation of Electoral System ကို တချို့ ကြားဖူးကြပါလိမ့်မည်။ နိုင်ငံတကာရွေးကောက်ပွဲအချို့မှာ ရွေးကောက်ပွဲများ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုအတွက်ဆိုပြီး နည်းပညာပိုင်းအရ အကူအညီပေးရေး အစီအစဉ်တစ်ခုဖြစ်သည်။ သို့သော် ထိုအစီအစဉ်သည် အမေရိကန်အလိုကျ ရလဒ်ထွက်ပေါ်စေရန် CIA အစီအစဉ်ဖြင့် မဲကစားခြင်းတစ်ခုထက်မပိုခဲ့ပါ။ ထုံးစံအတိုင်း ၂၀၂၀ ရွေးကောက်ပွဲမှာ IFES အကူအညီဖြင့် ပံ့ပိုးထားသော ကွန်ပျူတာပညာရှင်များနှင့် ကွန်ပျူတာများအသုံးပြု၍ မဲမသမာမှုများ ပြုလုပ်ခဲ့ပုံရသည်ဟု ဆိုလိုပါသည်။

> ❛ ယနေ့လိုအခြေအနေမျိုးတွင် မြန်မာ့နိုင်ငံရေးနှင့်အတူ မြန်မာပြည်သူတို့ ကြုံတွေ့နေရသည့်ဒုက္ခအပေါင်းအစု၏ တရားခံမှာ ဒေါ်အောင်ဆန်းစုကြည်၊ NLD ပါတီနှင့် ထိုစဉ်က UEC မှာသာ အဓိကတာဝန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ မဖြစ်ခဲ့ခြင်းက ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအနှစ်သာရတို့ကို ဖျက်ဆီးလိုက်ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံရေးနည်းဖြင့် မျှခြေနိုင်ငံရေး အခင်းအကျင်းတစ်ခုကို ဖန်တီးနိုင်မည့်စေတနာနှင့် ခံယူချက်ကောင်းများကို မထားနိုင်ခဲ့ကြခြင်းနှင့် ညှိနှိုင်းမှုစွမ်းရည်အရည်အချင်းများ မရှိခဲ့ခြင်းကြောင့်လည်းဖြစ် ❜

## မလုပ်သင့်မလုပ်ထိုက်သည်ကို ဘာကြောင့် ကျူးလွန်ဝံ့ခဲ့ကြပါသလဲ

သို့ဖြစ်လျှင် ဤလူများက ယခုလို မလုပ်သင့်မလုပ်ထိုက်သည့် မဲမသမာမှုမျိုးကို မည်သည့်အတွက်ကြောင့် ကျူးလွန်ဝံ့ခဲ့ကြပါသလဲ။ NLD နှင့် ပါတီထောက်ခံသူများစွာက ဤလို မသမာမှုမျိုးကို သူတို့ပါတီ၊ သူတို့ခေါင်းဆောင်များက ဘယ်တော့မှ ကျူးလွန်ခဲ့ခြင်းမရှိ၊ ကျူးလွန်မှာလည်းမဟုတ်ဟု မျက်စိပိတ်ငြင်းကြသည်။ အချို့က ပါတီနှင့် ခေါင်းဆောင်များအပေါ် ယုံကြည်မှုအစွန်းရောက် အစွဲလွန်ဝေဒနာဖြင့် ဖြောင်ငြင်းသည်။ အချို့က သိသိကြီးနှင့် ဘယ်လိုမှ အမှန်သိခွင့်ပေး၍မရသည့် အခြေအနေများကြောင့် ငြင်းဆန်ရခြင်းဖြစ်သည်။

တပ်မတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဘက်က UEC နှင့် NLD မဲမသမာမှုများဖြစ်နေသည်၊ တိုင်းသိပြည်သိကမ္ဘာသိ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုသည်၊ အဆင့်ဆင့်စနစ်တကျတောင်းဆိုခဲ့သည်။ နိုင်ငံရေးပဋိပက္ခတစ်ခုကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် လမ်းဖွင့်ပေးသည်။ နိုင်ငံကို အဆိုးဘက်ရောက်မသွားစေရန် အနုနည်းဖြင့်အနူးအညွတ် တောင်းဆိုမှုအပေါ် တင်းမာခက်ထန်စွာ တုံ့ပြန်ခံရသည့် အထောက်အထားများ လည်းရှိခဲ့သည်။ နားမလည်နိုင်သည်က ဥပမာ မိမိကို သူခိုးဟု အကြိမ်ကြိမ်စွပ်စွဲခံရလျှင် မိမိ၏ ဂုဏ်သိက္ခာအတွက် တာဝန်ယူတာဝန်ခံမှုအပြည့်ဖြင့် ပြန်လည်ချေပရမည်သာဖြစ်သည်။ တကယ် သူခိုးဖြစ်ခဲ့လျှင်တော့ ငြင်းဆန်ကောင်းငြင်းဆန်မည် သို့မဟုတ် တုဏှီဘာဝေနေကောင်းနေမည်။ ယခုမူ NLD ဘက်က ဘာကြောင့်များ တရားလွန်နှုတ်ဆိတ်နေခဲ့ကြသလဲ၊ ဆိတ်ဆိတ်နေခြင်းသည်ပင် ဝန်ခံရာရောက်ပါသည်။

## မထိန်း ထိန်းအောင် မသိမ်း သိမ်းအောင် ထောင်ချောက်ဆင်ခဲ့ကြလေသလား

ပြည်သူအတွက်၊ နိုင်ငံအတွက်၊ မိမိပါတီ ဂုဏ်သိက္ခာအတွက် တစ်ခုခု ထွက်မရှင်းသင့်ဘူးလား။ တစ်နည်း NLD ဘက်က တပ်မတော်အပေါ် အာဏာမသိမ်း သိမ်းဖြစ်အောင်ကို ထောင်ချောက်ဆင်ခဲ့ခြင်းလား၊ ဖြစ်တန်ရာသည်ဟုသာ မှတ်ချက်ပြုရမည်ဖြစ်သည်၊ တကယ်တမ်း တပ်မတော်ခေါင်းဆောင်များကသာ အာဏာမက်ခဲ့လျှင် ထိုအဆင့်များကို လုပ်နေမည်မဟုတ်ပါ။ အကယ်၍ တပ်မတော်က အာဏာမထိန်းခဲ့လျှင်လည်း NLD အနေဖြင့် ပိုနေမြဲ ကျားနေမြဲ ခပ်တည်တည်ဆက်လျှောက်မည်၊ အစီအစဉ်အတိုင်း လုပ်စရာရှိတာလုပ်မည်။ တပ်မတော်က အာဏာထိန်းခဲ့လျှင်လည်း ပြည်သူနှင့် ထိပ်တိုက်တွေ့မည်၊ နိုင်ငံနှင့် ပြည်သူအထိနာပြီး တပ်နှင့်ပြည်သူ သွေးကွဲမည်၊ တပ်ကို ပြည်သူက ပိုမုန်းသွားလိမ့်မည်။ နောက်ဆုံး အဖြူအမည်း မသဲကွဲက တပ်လည်း ပြိုကွဲ၊ နိုင်ငံလည်း တစ်စစီဖြစ်၊ အနောက်အုပ်စုအလိုကျဖြစ်ရတော့မည်။ အမှန်မှာ တပ်မတော်က အာဏာသိမ်းခြင်း၏ အကျိုးဆက်များကို တပ်မတော်ခေါင်းဆောင်များက ပိုသိ၊ ပိုနားလည်ပါသည်။ ပြည်သူနာမည့်၊ တိုင်းပြည်နာမည့်အလုပ်ကို တပ်မတော်က မလုပ်လိုသော်လည်း NLD ဘက်က အပြုအမူများကသာ တိုင်းပြည်နှင့် ပြည်သူ အထိနာမည့်အခြေအနေဆီ တွန်းပို့သလိုဖြစ်ခဲ့ကြောင်းကို မြင်အောင်ကြည့်နိုင်ရမည်ဖြစ်သည်။

## ဘာကြောင့် နှုတ်ပိတ်နေရသနည်း

ဤတွင် NLD ဘက်က ဘာကြောင့် နှုတ်ပိတ်နေသည်ကို စဉ်းစားစရာများရှိလာသည်။ ကြားဖြတ်ရွေးကောက်ပွဲများတွင် တဖြည်းဖြည်း ရလဒ်မကောင်းတော့သည့် NLD ၏ အခြေအနေများ၊ ရွေးကောက်ပွဲမှာ NLD ပါတီက ရာနှုန်းပြည့် နိုင်ကိုနိုင်ရမည်ဟူသည့် တိကျသော ရည်မှန်းချက်ကြီး ပြည့်မီရန်၊ အနောက်အုပ်စုနှင့် OIC အလိုကျ ဖျက်သိမ်းပြီးသား နိုင်ငံလုံခြုံရေးဥပဒေများ၏ ကတိကဝတ်များ ပိုမိုခိုင်မာအားကောင်းစေရန်၊ NLD သက်တမ်းအတွင်း စိတ်တိုင်းကျမပြင်ဆင်နိုင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်သက်တမ်းမှာ ပြင်ဆင်သွားနိုင်ရန်နှင့် နိုင်ငံအမာခံ တပ်မတော်ကို ပို၍ အင်အားချည့်နဲ့သွားစေရန် စသည့် အကြောင်းတရားများကြောင့်ဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ ထို့ကြောင့်လည်း တပ်မတော်အပေါ် ပြည်သူများအထင်အမြင်လွဲအောင်၊ ဇာတ်နာအောင် အကြိမ်ကြိမ်ဇာတ်လမ်းဆင် ထိုးနှက်ခဲ့ကြ၊ လော်ဘီအင်အားများစွာဖြင့် ပြည်သူနှင့်တပ်မတော်အကြား သွေးခွဲခဲ့ကြခြင်းဖြစ်သည်။

> ❛ ပြည်သူအတွက်၊ နိုင်ငံအတွက်၊ မိမိပါတီ ဂုဏ်သိက္ခာအတွက် တစ်ခုခု ထွက်မရှင်းသင့်ဘူးလား။ တစ်နည်း NLD ဘက်က တပ်မတော်အပေါ် အာဏာမသိမ်းသိမ်းဖြစ်အောင်ကို ထောင်ချောက်ဆင်ခဲ့ခြင်းလား၊ ဖြစ်တန်ရာသည်ဟုသာ မှတ်ချက်ပြုရမည်ဖြစ်သည်။ တကယ်တမ်း တပ်မတော်ခေါင်းဆောင်များကသာ အာဏာမက်ခဲ့လျှင် ထိုအဆင့်များကို လုပ်နေမည်မဟုတ်ပါ။ အကယ်၍ တပ်မတော်က အာဏာမထိန်းခဲ့လျှင်လည်း NLD အနေဖြင့် ပိုနေမြဲ ကျားနေမြဲ ခပ်တည်တည်ဆက်လျှောက်မည်၊ အစီအစဉ်အတိုင်း လုပ်စရာရှိတာလုပ်မည်။ တပ်မတော်က အာဏာထိန်းခဲ့လျှင်လည်း ပြည်သူနှင့် ထိပ်တိုက်တွေ့မည်၊ နိုင်ငံနှင့် ပြည်သူအထိနာပြီး တပ်နှင့်ပြည်သူ သွေးကွဲမည်၊ တပ်ကို ပြည်သူက ပိုမုန်းသွားလိမ့်မည်။ နောက်ဆုံး အဖြူအမည်းမသဲကွဲက တပ်လည်းပြိုကွဲ၊ နိုင်ငံလည်း တစ်စစီဖြစ်၊ အနောက်အုပ်စုအလိုကျဖြစ်ရတော့မည်။ အမှန်မှာ တပ်မတော်က အာဏာသိမ်းခြင်း၏ အကျိုးဆက်များကို တပ်မတော်ခေါင်းဆောင်များက ပိုသိ၊ ပိုနားလည်ပါသည်။ ပြည်သူနာမည့်၊ တိုင်းပြည်နာမည့်အလုပ်ကို တပ်မတော်က မလုပ်လိုသော်လည်း NLD ဘက်က အပြုအမူများကသာ တိုင်းပြည်နှင့် ပြည်သူ အထိနာမည့်အခြေအနေဆီ တွန်းပို့သလိုဖြစ်ခဲ့ကြောင်းကို မြင်အောင်ကြည့်နိုင်ရမည်ဖြစ် ❜

နောက်ဆုံး လွှတ်တော်အတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူအများ အကျိုးအတွက် မေးခွန်း၊ အဆိုများမေးမြန်းတင်သွင်း၊ ဥပဒေများပြုရမည့်အစား သူတို့ပါတီအကျိုးအတွက် အနောက်အုပ်စုအလိုကျ ဘယ်လိုမှမဖြစ်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ငြင်းခုံခြင်းဖြင့် အချိန်ကုန်ခဲ့ကြသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို နိုင်ငံအကျိုးငှာ လတ်တလော မလိုအပ်သေး၍ ဆန့်ကျင်ခဲ့ကြသည့် တပ်မတော်နှင့် ပြိုင်ဘက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုမူ ပြည်သူများ အထင်လွဲဇာတ်နာအောင် ဖန်တီးနိုင်ခဲ့၍ NLD ၏လိုလားချက်များ ပြည့်ခဲ့သည်ဟုတော့ ဆိုရမည်ဖြစ်သည်။ ရွေးကောက်ပွဲနီးမှ ရွေးကောက်ပွဲ Campaign အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြိုးစားခဲ့ကြသည့် NLD ၏ စေတနာနှင့်လုပ်ရပ်ကို တွေးဆစေလိုပါသည်။

ဘာပဲဖြစ်ဖြစ် ယခုလိုကာလ ယနေ့လိုအခြေအနေမျိုးတွင် မြန်မာ့နိုင်ငံရေးနှင့်အတူ မြန်မာပြည်သူတို့ ကြုံတွေ့နေရသည့်ဒုက္ခအပေါင်းအစု၏ တရားခံမှာ ဒေါ်အောင်ဆန်းစုကြည်၊ NLD ပါတီနှင့် ထိုစဉ်က UEC မှာသာ အဓိကတာဝန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲမဖြစ်ခဲ့ခြင်းက ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအနှစ်သာရတို့ကို ဖျက်ဆီးလိုက်ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံရေးနည်းဖြင့် မျှခြေနိုင်ငံရေးအခင်းအကျင်းတစ်ခုကို ဖန်တီးနိုင်မည့် စေတနာနှင့် ခံယူချက်ကောင်းများကို မထားနိုင်ခဲ့ကြခြင်းနှင့် ညှိနှိုင်းမှုစွမ်းရည် အရည်အချင်းများ မရှိခဲ့ခြင်းကြောင့်လည်း ဖြစ်ပါသည်။ ကောင်းမွန်သော ညှိနှိုင်းမှုစွမ်းရည်မျိုးကသာ အမှန်တရားကိုရရှိစေပြီး သို့မှသာ လွှတ်တော်အတွင်း အဆုံးအဖြတ်ရယူရာတွင် အမှန်ထက် အများဆန္ဒ အလေးထားသည့်စရိုက်ကို ရရှိစေမည်ဖြစ်သည်ဟု ယုံကြည်ပါသည်။

အတွေ့အကြုံအရ ထိုကဲ့သို့မဖြစ်ခဲ့သော ပါတီနှင့် နိုင်ငံရေးသမားများကို မြန်မာပြည်သူတို့ အနာဂတ်မှာ ဘယ်လိုယုံကြည်လို့ရနိုင်မည်လဲ၊ ဒီလိုပါတီနှင့် ဒီလိုနိုင်ငံရေးသမားမျိုးတို့က ကောင်းမွန်မျှတသည့် နိုင်ငံရေးရေခံမြေခံတစ်ခုကို ဖန်တီးနိုင်စွမ်းရှိပါ့မလား၊ မြန်မာတို့၏ စရိုက်လက္ခဏာနှင့် ကိုက်ညီသည့် ဒီမိုကရေစီကျင့်စဉ်များကို လိုက်ပါဆောင်ရွက်နိုင်သည့်အရည်အချင်း ဒီလူတွေမှာရှိပါ့မလား။ သူတို့အတော်မှားခဲ့ကြပါသည်။ သူတို့မှားသည့်ဒဏ်ကို ကျွန်တော်တို့ အတော်ခံနေရသည်။ အရေးကြီးသည်က ပြည်သူ၏ ယုံကြည်မှုဖြစ်ပြီး ထိုယုံကြည်မှုကို လျစ်လျူရှု၍မဖြစ်ပါ။ နောက်တစ်ကြိမ် လက်ညှိုးထိုးမခံရဖို့ အရေးကြီးနေပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လျှောင်ဒဏ်သင့်ခဲ့သည့်ဝန်ထမ်းများ ယာယီဘာရာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းက လျှောင်ဒဏ်သင့်ခဲ့သည့်ဝန်ထမ်းများ ယာယီဘာရာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်မှုအခြေအနေများနှင့် ယာယီဘာရာလိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ယာယီဘာရာလိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ယာယီဘာရာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယင်လုံအိမ်သာများနှင့် ရေ၊ မီးစနစ်များ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားရန်နှင့် ယာယီဘာရာလိုင်းခန်းများအတွင်း မိုးရာသီတွင် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင်မြေနေရာတွင် သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ လျှောင်ဒဏ်သင့်ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်နိုင်ရေး ယာယီဘာရာလိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေများ၊ အဆိုပါ ဘာရာလိုင်းခန်းများနှင့် ရုံးသို့ဆက်သွယ်သောလမ်း ဖောက်လုပ်နေမှုအခြေအနေများနှင့် ပြောင်းရွှေ့နေထိုင်သည့်ဝန်ထမ်းများ သောက်သုံးရေအဆင်ပြေမှုရှိစေရေး စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယာယီဘာရာလိုင်းခန်းများအတွင်း မိုးရာသီတွင် ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ လျှပ်စစ်မီးအချိန်မီရရှိရေး၊ ဘာရာလိုင်းခန်းနှင့် ရုံးသို့



ဆက်သွယ်သောလမ်းအား မိုးမကျမီ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် မေ ၁၅ ရက် နောက်ဆုံးထားပြောင်းရွှေ့နိုင်ရေး အမြန်ဆုံးပြီးစီး အောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES-2025) ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မွမ်ဘိုင်း မေ ၁**

"အိန္ဒိယသည် ဆန်းသစ်တီထွင်မှု၏ ဗဟိုချက်ဖြစ်ရမည်" ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။





ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Narendra Modi က တက်ရောက်၍ မိန့်ခွန်းပြောဖွင့်လှစ်ပေးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍ၌ တိုးတက်မှုများအပြင် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ပြသခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံ ၇၅ နိုင်ငံမှ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ အကြီးအကဲများ၊ မူဝါဒချမှတ်သူများ၊ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာ ဆန်းသစ် တီထွင်သူများနှင့် အိန္ဒိယနိုင်ငံမှ နာမည်ကြီးအနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025) ကို မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ပေါင်းစည်းနိုင်ရေးအတွက် ပထမဆုံး ကျင်းပခြင်းဖြစ်ပြီး မွမ်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ မေ ၁ ရက်မှ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါညီလာခံသည် မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍတို့၏ အခွင့်အလမ်းများကို ရှာဖွေရန်၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် မီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၏ အနာဂတ်ကို ပုံဖော်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းနယ်ပယ်ကဏ္ဍအားလုံးမှ သက်ဆိုင်သူများနှင့် ချိတ်ဆက်ပေါင်းစည်းမှုမှ တစ်ဆင့် ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခိုင်မာသော မိတ်ဖက်များအဖြစ် သတ်မှတ်၍ နယ်ပယ်သစ်များကို ဖွင့်လှစ်ပေးနိုင်ရန်၊ နိုင်ငံနယ်နိမိတ်များကို ကျော်လွန်လာသည့် ယဉ်ကျေးမှုဖလှယ်မှုများအပေါ် အပြန်အလှန်နားလည်မှုများကို ပြုစုပျိုးထောင်ရန်နှင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန် စသည့်မဟာဗျူဟာများကို ရှာဖွေသွားရန်၊ အစွမ်းထက်သော ကွန်မြူနတီရေဒီယို အစီအစဉ် ပလက်ဖောင်းမှတစ်ဆင့် ခေတ်ရေစီးကြောင်းများနှင့် မူဝါဒများအပေါ် အာရုံစိုက်၍ ဒေသခံပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှု အားကောင်းလာစေရန် ရည်ရွယ် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်မှုဖြင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှောင်ဒဏ်သင့် ဝန်ထမ်းနှင့် ပြည်သူများသို့ ယနေ့တွင် အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။



**လှည့်လည်ရောင်းချ**

ထိုသို့ လှည့်လည်ရောင်းချရာတွင် နေပြည်တော်အတွင်း ဈေးကားတစ်စီးဖြင့် သုခသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ၊ အထက(၁၁)ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ကြက်သား အကောင် ၂၅၀၊ ကြက်ဥအလုံး ၇၅၀၀၊ ဘဲဥအလုံး ၄၅၀၀ နှင့် ငုံးဥအလုံး ၂၀၀၀ တို့ကို သက်သာသော ဈေးနှုန်းဖြင့် လှည့်လည် ရောင်းချ ပေးခဲ့ကြောင်းနှင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း ဆက်လက် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ကြက်သား၊ ကြက်ဥနှင့် ဘဲဥများ သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်း ရှင်များ ပူးပေါင်းလျက် ကြက်သား၊ ကြက်ဥနှင့် ဘဲဥဈေးကားသည် နေပြည်တော်အတွင်း လျှောင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် သုခသိဒ္ဓိရပ်ကွက်တို့တွင် ကြက်သားပိဿာ ၅၀၊ ကြက်ဥအလုံး ၄၀၀၀ နှင့် ဘဲဥအလုံး ၅၀၀ကို ရောင်းချပေးခဲ့သည်။

ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးတို့၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေး လုပ်ငန်းရှင်များ ပူးပေါင်းလျက် ပြည်သူများ သက်သာ ချောင်ချိရေးအတွက်



မတ် ၃၁ ရက်မှ ဧပြီ ၃၀ ရက်အထိ ကြက်ဥအလုံးရေ ၈၅၀၁၅ လုံး၊ ဘဲဥအလုံး ၃၀၊ ဆိတ်သားပိဿာ ၄၀၊ ကြက်သား ၇၈၆ ဒသမ ၁၀ ပိဿာ၊ ဝက်သားပိဿာ ၃၀၀ နှင့် အမဲသားပိဿာ ၅၀ တို့ကို ရောင်းချပေးခဲ့ပြီး ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်

ရန်ကုန် မေ ၁

၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(CTUM)မှ အလုပ်သမားကိုယ်စားလှယ်များ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ဖတ်ကြားပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့် စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်သမားမှတ်ပုံတင် ကတ်ပြား (Labour Card) ပြုလုပ်ပေးနေသောအလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှဝန်ထမ်းများ၊ အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင် ပါဝင်ပြသသော စက်ရုံ၊ အလုပ်ရုံနှင့်ကုမ္ပဏီများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလုပ်သမားဝန်ကြီးဌာနသည် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေး အာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားအတွင်းရှိသူများကို ၎င်းတို့၏ အရည်အချင်း၊ ကျွမ်းကျင်မှုတို့နှင့်အညီ အလုပ်ရှင်၏ လိုအပ်ချက်နှင့် သင့်လျော်သည့် အလုပ်အကိုင်များရရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်ရှာဖွေသူများနှင့်အလုပ်ရှင်များကို တစ်နေရာတည်း၌ တွေ့ဆုံ၍ အချိန်ကုန်၊ ငွေကုန်သက်သာစွာနှင့် One Stop Service ဖြင့် အလုပ်အကိုင်များ ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် အလုပ်အကိုင် အခွင့်အလမ်းပြပွဲတွင် စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ စုစုပေါင်း ၅၂ ခုတို့မှ အလုပ်အကိုင်ရရှိရေး ပြခန်းများ ပါဝင်ပြသခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ တာဝန်ခံအရာရှိများနှင့်တွေ့ဆုံ၍ လူမှုဖူလုံရေး အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်နှင့် ငွေလျော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်(၄၀ ရာခိုင်နှုန်း)ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နည်းစနစ်မှန်ကန်စွာ ပေးအပ်နိုင်ရေးအတွက် ဦးစီးဌာနအဖွဲ့ရုံးများမှ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ အလုပ်သမားနေ့အခမ်းအနားကို အလုပ်အကိုင်အခွင့်အလမ်းပြပွဲဖွင့်ပွဲနှင့်အတူ ကျင်းပ

ပဲခူး မေ ၁

ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၁ ရက် နံနက်ပိုင်းက အလုပ်သမားနေ့အခမ်းအနားကို အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair) ဖွင့်ပွဲနှင့်အတူ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ပေးခဲ့သည်။

ဦးစွာ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များက ဒေသခံပြည်သူများ တစ်နေရာတည်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး စီစဉ်ဆောင်ရွက်ပေးထားသည့် ပြည်တွင်း/ပြည်ပ ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ပြုလုပ်ပေးခြင်းသည် အလုပ်လက်မဲ့များလျော့ပါးလာပြီး မိသားစုဝင်ငွေတိုးတက်စေခြင်း၊ အလုပ်လုပ်ကိုင်နိုင်သူအားလုံး အလုပ်အကိုင်ရရှိနိုင်ပါက ဒေသတွင်းကုန်ထုတ်စွမ်းအားမြင့်မားလာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ခြင်း၊ အလုပ်အကိုင်ရှာဖွေသူ အလုပ်သမားများနှင့် အလုပ်သမားလိုအပ်သူ အလုပ်ရှင်များအတွက် အချိန်မကုန်၊ ငွေမကုန်ဘဲ တစ်နေရာတည်းတွင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် အကျိုးဖြစ်ထွန်းစေနိုင်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ၂၀၂၅ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို "အသီးတစ်ရာ၊ အညွှာတစ်ခု" သီချင်း သီဆိုဖျော်ဖြေ၍ ဖွင့်လှစ်ပေးခဲ့သည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ၎င်းနောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အလုပ်သမားနေ့ ဖြစ်ပေါ်လာပုံနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများ၏ အခန်းကဏ္ဍကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြဝတီမြို့နယ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြဝတီ မေ ၁

ကရင်ပြည်နယ် မြဝတီမြို့၌ မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကို ကရင်ပြည်နယ် သယံဇာတရေးရာဝန်ကြီးဌာန မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးက ယနေ့နံနက် ၈ နာရီတွင် အထက (၁) မြဝတီ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ သဝဏ်လွှာကို မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်စီမံအဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိများက ထူးချွန်ဆုရရှိခဲ့ကြသည့် မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ (ကာယ–ဉာဏ) ပြည်သူ့ဝန်ထမ်းလုပ်သားကြီးများအား လုပ်အားထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးနိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့တက်ရောက်



ထားဝယ် မေ ၁

မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ (ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ကျွန်းစု)မြို့နယ် ကုန်တင်ကုန်ချ ကော်မတီရုံးများမှ မှတ်ပုံတင်ဝင် ကုန်တင်ကုန်ချ အလုပ်သမား ၁၂၉ ဦးအား တစ်ဦးလျှင် ဆန် ၁၂ ပြည်နှင့် ဆီတစ်လီတာနှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၁၁၀၈၀၀၀၀ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့၏ အလုပ်သမားရေးရာ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားရေးရာဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ စာအုပ်စာတမ်းများ ပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ထားဝယ်မြို့ မြို့တော်ခန်းမရှေ့တွင် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်းများ၊ ဒေသထွက်ကုန်နှင့် ဒေသထွက်စားသောက်ကုန်များ၊ MSME ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းတွင် လုပ်ငန်းရှင်များက ထုတ်လုပ်သော ဒေသထုတ်ကုန်ပစ္စည်းများ စုစုပေါင်းအရောင်းပြခန်း ၁၈ ခန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၌ အလုပ်သမားနေ့အခမ်းအနားကျင်းပ



ဘားအံ မေ ၁

၂၀၂၅ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ထို့နောက် အလုပ်သမားနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရွှေကရင် အိုးစည်ဒိုးပတ်ဝိုင်းနှင့် ဂုဏ်ပြုဖျော်ဖြေကြပြီး အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက အလုပ်သမားနေ့ သီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသည့် ဒိုးပတ်ဝိုင်းနှင့် ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလုပ်သမားနေ့ အခမ်းအနားသို့ တက်ရောက် လာသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများ၏ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

○ မြန်မာအမျိုးသမီးမှ

Young Lionesses အသင်းသည် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး အသင်းသစ် ရန်ကုန်ရှိုင်ရယ်အသင်းကို ဒုတိယပိုင်းသွင်းဂိုးဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အသင်းသစ် ရန်ကုန်ရှိုင်ရယ်အသင်းမှာမူ နှစ်ပွဲဆက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ မိနစ် ၂၀ တွင် အင်ကြင်းခိုင်က Young Lionesses အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၃၈ မိနစ်တွင် စန်းစန်းထွေးက ရန်ကုန်ရှိုင်ရယ်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့ပြီး Young Lionesses အသင်းအတွက် အနိုင်ဂိုးကို ၆၈ မိနစ်တွင် နွေးနွေးက သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် Young Lionesses အသင်းက သုံးပွဲကစား ခြောက်မှတ်ရထားပြီး ရန်ကုန်ရှိုင်ရယ်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ် (၃) ဒုတိယနေ့ကို မေ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ပဒုမ္မာကွင်း၌ ဧရာဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် မေ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂-၅-၂၀၂၅ ရက်မှ ၆ - ၆ - ၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# မြစ်ကြီးနားမြို့၌ ပဉ္စာန်းသိမ်းအောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ

**မြစ်ကြီးနား မေ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင် အောင်တော်မူသကျမာရဇိန်အံတော်ရှင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အကြိမ် (၃၀) မြောက် အသံမစဲကျမ်းမြတ်မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၂ ရက်မှစတင်၍ ကိုးရက်တိုင်တိုင်ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ပရိတ်တရားတော်များ နာယူ**

ဦးစွာ ပဋ္ဌာန်းသိမ်းအောင်ပွဲအဖြစ် နန်းကွေ့ကျေးရွာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် မဟာဂန္ဓာရုံကျောင်းတိုက် ဘဒ္ဒန္တဟိတေသိတ အမှူးပြုသော ဆရာတော်မထေရ်မြတ်များထံမှ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို အောင်တော်မူသကျမာရဇိန်အံတော်ရှင်စေတီတော်ကြီးရင်ပြင်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများ၊ ဒေသခံအလှူရှင်များက ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများအား ဆွမ်းဆန်တော်၊ ပစ္စည်း (၉) ပါး အလှူတို့ကို လောင်းလှူပူဇော်ခဲ့ကြသည်။




ယင်းနောက် အံတော်ရှင်တောင်တန်းသာသနာပြု ဗဟိုဓမ္မဗိမာန်တော်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မြန်အောင်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြန်အောင် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင် ဦးဆောင်ကာ ယနေ့နံနက်ပိုင်းက သန္နဒ္ဓအရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ အမှတ်(၆) ရပ်ကွက် သမိုင်းဝင် ရွှေဘုံသာဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေးနှင့် သန္နဒ္ဓ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၁ ဦးတို့က စေတီတော်နှင့် ရင်ပြင်တော်တို့အား ရေသပ္ပာယ်ခြင်း၊ ဘုရားဝင်းအတွင်း ချုံနွယ်များကို ရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး မြို့နယ်မီးသတ်ဦးစီးမှူးက ဘုရားရောင်တော်ဖွင့်ခြင်းနှင့် ပန်း၊ ဆီမီး၊ နံ့သာအမွှေးတိုင်များ ကပ်လှူခဲ့ကြောင်း သိရသည်။

ရောဦးသာ

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနား တက်ရောက်

**မုံရွာ မေ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးတို့က (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက အဆိုပါ ဆိုင်းဘုတ်ရှေ့တွင် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် ဆောင်ရွက်သည့် လုပ်ငန်းများအပေါ် စေတနာထားကာ ဆောင်ရွက်ကြရန်တို့ကို မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းများလည်ပတ်နိုင်စေရန်၊ စားသုံးသူ အသင်းသားများနှင့် ပြည်သူများသို့ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ မကွေးတိုင်းဒေသကြီး ဆိတ်ဖြူဒေသမှ ထွက်ရှိသော ကြက်သွန်နီပိဿာချိန် ၂၁၀၀၀ အား သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးပြည်သူ့ဆေးရုံကြီး ကိုးထပ်ဆောင် ပြန်လည်ဖွင့်လှစ်နိုင်ရန် အပျက်အစီးများ ရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများ ဧရာဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးနေ

**မန္တလေး မေ ၁**

ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီဖောင်ဒေးရှင်းသည် မန္တလေး ပြည်သူ့ဆေးရုံကြီး ကိုးထပ်ဆောင် ပြန်လည်ဖွင့်လှစ်နိုင်ရန် အပျက်အစီးများ ရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီး ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့်အပျက်အစီးများရှင်းလင်းခြင်း၊ ပျက်စီးခဲ့သည့် အစိတ်အပိုင်းများ ပြုပြင်မွမ်းမံပေးခြင်း၊ လိုအပ်သည့် လေအေးပေးစက်များ ဖြည့်စွက်တပ်ဆင်ပေးခြင်း၊ M&E လုပ်ငန်းများ စစ်ဆေးပြုပြင်ပေးခြင်းနှင့် သန့်ရှင်းရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။




ဧရာဝတီ ဖောင်ဒေးရှင်းသည် ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နိုင်ရန် စုစုပေါင်း ခုတင် (၄၃၀) ဆံ့ ယာယီဆေးရုံများ အလျင်အမြန်တည်ဆောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့သလို ဆေးရုံကြီးများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြန်လည်ပြုလုပ်နိုင်ရန် လိုအပ်သည့် ပြုပြင်မှုများကိုပါ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်း – ရှိုင်းထက်ဇော်**


**ဓာတ်ပုံ – ကိုမိုး**

# နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၄-၅-၂၀၂၅ ရက်နေ့အတွက် မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**နေပြည်တော် မေ ၁**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

■

## ၂၀၂၅ ခုနှစ် မေလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၇ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၈ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၄ ဒီဂရီ ဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၅၂ ရာခိုင်နှုန်းမှ ၆၁ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ။** ။ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၀ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၅၂ မီလီမီတာမှ ၆၃ မီလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၄ မီလီမီတာမှ ၇၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ ရန်ကုန်တိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**



## မန္တလေးတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ ဈေးနှုန်းမှန်ကန်စွာ ရောင်းချစေရေး လိုက်လံစစ်ဆေး

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များတွင် ဈေးနှုန်းမှန်ကန်စွာရောင်းချစေရေးနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် လိုက်လံစစ်ဆေးလျက်ရှိသည်။

အဆိုပါအရောင်းဆိုင်များမှ ရောင်းချရာတွင် အမြတ်ငွေ ၁၅ ရာခိုင်နှုန်းထက် ကျော်လွန်ရောင်းချပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ ဧပြီ ၂၂ ရက်ကစပြီး ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်တွေကို လိုက်လံစစ်ဆေးပါတယ်။ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံတွေ ထိခိုက်ပျက်စီးတဲ့အခါ ဆောက်လုပ်ရေးပစ္စည်းတွေကို ဈေးနှုန်းမြှင့်ရောင်းချတာမရှိအောင်နဲ့ ဈေးနှုန်းတည်ငြိမ်စေဖို့ လိုက်လံစစ်ဆေးတာဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လိုက်လံစစ်ဆေးသည့်ပူးပေါင်းအဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ပါဝင်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းဖြင့်သာ ရောင်းချစေရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**



## ထားဝယ်မြို့၌ အခြေခံအင်္ဂလိပ်စာ Grammar သင်တန်း ဖွင့်လှစ်

**ထားဝယ် မေ ၁**

နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် လူငယ်လူရွယ်များ အချိန်ကို အကျိုးရှိစွာအသုံးပြုတတ်စေရန်၊ နိုင်ငံတကာသုံး အင်္ဂလိပ်စကားပြောဆိုတတ်လာစေရန်၊ အင်္ဂလိပ်စာစွမ်းရည်များတိုးတက်လာပြီး ကျောင်းစာများတွင်လည်း အထောက်အကူပြုစေရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော နွေရာသီကျောင်းပိတ်ရက် အခြေခံအင်္ဂလိပ်စာ Grammar တစ်လသင်တန်းကို ယနေ့မွန်းလွဲပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# အမေရိကန်နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

ဝါရှင်တန် မေ ၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့စီးပွားရေးခေါင်းဆောင်အချို့နှင့် ကျင်းပသည့် အခမ်းအနားတွင် အမေရိကန်နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာကြောင်း ထုတ်ဖော်ပြောကြားသည်။

အိမ်ဖြူတော်၌ ယမန်နေ့က ပြုလုပ်သည့် အဆိုပါအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံရန် စီစဉ်နေသော ကုမ္ပဏီကြီးများမှ အမှုဆောင်ဒါရိုက်တာ ၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအသစ်အတွက် ရင်းနှီးငွေပမာဏသည် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံကျော်ရှိမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုအသစ်များ၊ စက်ရုံအသစ်များနှင့် အလုပ်အကိုင်အသစ်များ ပေါ်ထွန်းလာခြင်းသည် အမေရိကန်စီးပွားရေးအတွက် ကောင်းမွန်ခိုင်မာသည့် လက္ခဏာတစ်ရပ်ဖြစ်ပြီး အမေရိကန်၏ အနာဂတ်အတွက် ယုံကြည်စိတ်ချရသည့် ကြေညာချက်တစ်ခုလည်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံ၏ SoftBank Group ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာ ဆွန်မာဆေယိုရှိလည်း အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ SoftBank Group သည် အမေရိကန်အခြေစိုက် OpenAI နှင့် အခြားသော အိုင်တီကုမ္ပဏီများနှင့် ပူးပေါင်းကာ ဖက်စပ်လုပ်ငန်းသစ်တစ်ခု ဆောင်ရွက်ရန် အမေရိကန်နိုင်ငံ၌ အမေရိကန်ဒေါ်လာဘီလီယံ ၅၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။

**အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်**

အဆိုပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုတွင် အခြေခံအဆောက်အအုံအတွက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း ဆွန်မာဆေယိုရှိက ပြောကြားသည်။

အမေရိကန်သည် ဉာဏ်ရည်တုနည်းပညာ ဦးဆောင်မှုကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး ဉာဏ်ရည်တုနည်းပညာသည် အနာဂတ်တွင် စက်မှုလုပ်ငန်းများနှင့် လူသားတို့၏ နေထိုင်မှုပုံစံကို ပြောင်းလဲပေးမည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။



ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်ဒေသရှိ တူမန်မြစ်ကိုဖြတ်၍ ပထမဆုံးမော်တော်ယာဉ်လမ်းတံတား တည်ဆောက်

မော်စကို မေ ၁

ရုရှားနှင့် မြောက်ကိုရီးယားတို့သည် နယ်စပ်ဒေသရှိ တူမန်မြစ်ကိုဖြတ်၍ ၎င်းတို့၏ ပထမဆုံးမော်တော်ယာဉ် လမ်းတံတားကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ရုရှားဝန်ကြီးချုပ် မီခေးမီရှူစတင်နှင့် မြောက်ကိုရီးယားဝန်ကြီးချုပ် ပတ်ခ်သဲဆောင်းတို့သည် အဆိုပါတံတား တည်ဆောက်ရေးလုပ်ငန်း အုတ်မြစ်ချအခမ်းအနားသို့ ဧပြီ ၃၀ ရက်တွင် တက်ရောက်ခဲ့ကြောင်း သိရသည်။




တူမန်မြစ်ကိုဖြတ်၍ သွယ်တန်းသည့် အဆိုပါတံတားသည် ရုရှားနိုင်ငံအရှေ့ဖျားကို မြောက်ကိုရီးယား၏ အရှေ့မြောက်ဒေသနှင့် ဆက်သွယ်ပေးမည်ဖြစ်သည်။

တံတား တည်ဆောက်မှုသည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းဆက်ဆံရေးကို ခိုင်မာစေရန် အတွက် မိမိတို့နှစ်နိုင်ငံ၏ ဘုံဆန္ဒကို ကိုယ်စားပြုကြောင်း ရုရှားဝန်ကြီးချုပ် မီခေးမီရှူစတင်က ပြောကြားသည်။

တံတားကို နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ကြီးမားသောသင်္ကေတအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ဝန်ကြီးချုပ် ပတ်ခ်သဲဆောင်းက ပြောကြားသည်။

တူမန်မြစ်၏အောက်ပိုင်း ၁၇ ကီလိုမီတာသည် နှစ်နိုင်ငံအကြား နယ်နိမိတ်အဖြစ် တည်ရှိသည်။ လက်ရှိတွင် မီးရထားတံတားရှိသော်လည်း ယာဉ်များဖြတ်ကျော်ရန် လမ်းမရှိသေးပေ။

အဆိုပါ နှစ်လမ်းသွားတံတားသည် အရှည် တစ်ကီလိုမီတာခန့်ရှိမည်ဖြစ်ပြီး တည်ဆောက်မှုမှာ ၁၈ လခန့်ကြာမြင့်မည်ဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားသည်။

မြောက် ကိုရီး ယားနိုင် ငံနှ င့် ရုရှားနှစ်နိုင်ငံတို့သည် စစ်ရေးအရ ရောနိုင်ငံရေးအရပါ နက်ရှိုင်းသော ဆက်ဆံရေးရှိသည်။

ပြုံးယမ်းသည် တံတားသစ်တည်ဆောက်ခြင်းဖြင့် ရုရှားနှင့် စီးပွားရေးအရ ဆက်ဆံရေးကို ခိုင်မာစေရန် ရည်ရွယ်ခြင်းဖြစ်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# အန္တာတိကဒေသဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နယူးဇီလန်အစိုးရက ရင်းနှီးမြှုပ်နှံမည်

ဝယ်လင်တန် မေ ၁

အန္တာတိကဒေသဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေ နယူးဇီလန်ဒေါ်လာ ၄၉သန်းကို နယူးဇီလန်အစိုးရက ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ သိပ္ပံ၊ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာဝန်ကြီး ရှာနီရာတီက ယနေ့ပြောကြားသည်။

အန္တာတိကဒေသ၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် နယူးဇီလန်နိုင်ငံအပေါ် အကျိုးသက်ရောက်မှုများရှိသဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အန္တာတိကဒေသရှိ ရေခဲများအရည်ပျော်ရာမှပင်လယ်ရေမျက်နှာပြင်များမြင့်တက်ခြင်း၊ ကမ်းရိုးတန်းဒေသများ တိုက်စားခံရခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်လာကြောင်း ၎င်းက ပြောကြားသည်။

ယခုသတ်မှတ်သည့် ရန်ပုံငွေသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းကဲ့သို့သော ရာသီဥတုဖြစ်စဉ်များကို ခန့်မှန်းသည့် အန္တာတိကဒေသ သိပ္ပံပညာပလက်ဖောင်းကို အကူအညီပေးမည်ဖြစ်ကြောင်း သိရသည်။

အန္တာတိကဒေသအား သိပ္ပံပညာဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ချုပ်ဆိုခဲ့သည့် အန္တာတိကစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် နယူးဇီလန်နိုင်ငံသည် အန္တာတိကဒေသကို ကာကွယ်စောင့်ရှောက်ရေးအတွက် တာဝန်ရှိကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ပြပွဲတွင် ကမ္ဘောဒီးယားနိုင်ငံမှ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ ပါဝင်နိုင်ရေး ကမ္ဘောဒီးယား ဆောင်ရွက်မည်

ဖနောင်ပင် မေ ၁

ကမ္ဘောဒီးယားနိုင်ငံမှ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းတွင် နိုဝင်ဘာ ၅ရက်မှ ၁၀ရက်အထိ ကျင်းပမည့် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ပြပွဲတွင် ပြခန်းများ ဝင်ရောက်ပြသနိုင်ရေး အာပေးဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ပြပွဲသည်တရုတ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာနိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအရ အရေးကြီးသည့် စင်္ကြံဖြစ်ကြောင်း ၎င်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ၎င်းပြပွဲတွင် ကမ္ဘောဒီးယားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ ကုန်ပစ္စည်းပြခန်းများကို ပြသမည်ဖြစ်ပြီး ဆေးဝါးပစ္စည်းများ၊ မော်တော်ယာဉ်များ၊ နည်းပညာသုံးကိရိယာများ၊ လူသုံးကုန်နှင့် စိုက်ပျိုးရေးပစ္စည်းများကို ပြသမည်ဟု သိရသည်။

ယင်းပြပွဲတွင် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ကျင်းပမည်ဟု သိရသည်။ ယခုပြပွဲသည်နိုင်ငံတကာမှ လုပ်ငန်းများအတွက် ၎င်းတို့၏ ထုတ်ကုန်များကို တရုတ်နိုင်ငံသားများနှင့် ရင်းနှီးမြှုပ်နှံသူများအား ပြသရေးအတွက် အခွင့်အရေးဖြစ်ကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# ဓာတ်သတ္တုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အမေရိကန်နှင့် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ် ဒီနေးစ်ရှန်ဟေ ပြောကြား

ကီယက် မေ ၁

အမေရိကန်ပြည်ထောင်စုနှင့် ဓာတ်သတ္တုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မကြာမီအချိန်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ် ဒီနေးစ်ရှန်ဟေက ယမန်နေ့က ပြောကြားသည်။

ယူကရိန်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ပူးတွဲရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန်အတွက် ယူကရိန်းနိုင်ငံ၌ ရန်ပုံငွေထူထောင်ရေး သဘောတူညီချက်ကို နှစ်နိုင်ငံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ပထမဒုတိယဝန်ကြီးချုပ် ယူလီယာ ဆာရေဒန်ကိုသည် ဝါရှင်တန်သို့သွားနေပြီဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ်ဒီနေးစ်ရှန်ဟေက ပြောကြားသည်။

အသေးစိတ်အချက်အလက်များကို ဆွေးနွေးပြီးနောက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယူကရိန်းနိုင်ငံအတွက် ရန်ပုံငွေထူထောင်ရန် နှစ်နိုင်ငံစလုံးမှ ၅၀ ရာခိုင်နှုန်းစီ ပါဝင်ကူညီမည်ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

အမေရိကန်သည် ယူကရိန်းအား စစ်ရေးအကူအညီအသစ်များကို ရန်ပုံငွေတွင် ပံ့ပိုးကူညီမှုအဖြစ် ထည့်သွင်းတွက်ချက်နိုင်ကြောင်း ယူကရိန်းဝန်ကြီးချုပ် ဒီနေးစ်ရှန်ဟေက အလေးပေးပြောကြားသည်။

ယခင်ကပေးခဲ့သော အကူအညီနှင့် ချေးငွေများသည် ဤသဘောတူညီချက်နှင့် သက်ဆိုင်မှုမရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

သို့သော် ယူကရိန်းနိုင်ငံအတွက် လုံခြုံရေးကို အမေရိကန်အနေဖြင့် မည်သည့်အတိုင်းအတာအထိ အာမခံပေးမည်လဲဆိုသည်ကို ၎င်းက ပြောကြားခြင်းမရှိပေ။

ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဖေဖော်ဝါရီလတွင် အိမ်ဖြူတော်၌ တွေ့ဆုံခဲ့သော်လည်း သဘောတူလက်မှတ်ရေးထိုးနိုင်ခြင်းမရှိသည့်အတွက် ယခုအချိန်တွင် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်မည်လားဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ ရက်၌ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

၁၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၅၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပခုက္ကူမြို့ ဧရာဝတီ တံတား စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၂၀၀၊ ဒီဇယ်ဆီ ၁၀ ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၁၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Toyota Hiace ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၁၆၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၉ ရက်၌ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်လေး ရပ်ကွက် ဒေါနပန်းဝန်း DKBA ဆက်ဆံရေးဝင်းရှိ ဂိုဒေါင်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် စွတ်ဆိုင်ကျေးရွာ တာချီလိတ်–ဝမ်ပုံကားလမ်းအနီးရှိ ခြံဝင်းတစ်ခုအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၉၆၀၀၀၀)ကို လည်းကောင်း၊ ပင်းတယမြို့နယ် ကျုံးရွာနှင့် ကလောမြို့နယ် ပဲရင်းတောင်ရွာကြား၌ ချင်းရွှေဟော်–လားရှိုးမှ ပင်းတယ–ကျုံး–ရွာငံ လမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် ယာဉ် ၁၃ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၁) မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေ ၈၇၈၆၃၅၉၉၅ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Howo Tractor Head သုံးစီး၊ Cheng Long Tractor Head သုံးစီး၊ Dong Feng Tractor Head နှစ်စီး၊ Man Tractor Head နှစ်စီး၊ Hino Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၂ တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ ၂၁၀၆၅၉၅၉၉၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် ဝေါမြို့ Puma ဆီဆိုင်အနီး၌ မော်လမြိုင်မှ နေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၆၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ဧပြီ ၃၀ ရက်၌ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၃၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၄၄၈၈၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၉၀၆၈၈၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် သန်လျင်မြို့နယ်၌ လိုင်စင်မဲ့ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် ရန်ကုန်– မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၀)မိုင်နှင့် ၂၆/၄ မိုင်ကြား၌ ယာဉ် ငါးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေ ၁၅၈၅၄၂၆၈၄ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus သုံးစီး၊ Higer Bus နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ ၅၇၀၅၄၂၆၈၄ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧပြီ ၃၀ ရက်၌ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ် ဝဲကျွန်းမြို့သစ်ရပ်ကွက်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် BE အရက်ဆီ ဂါလန် ၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ ထားဝယ်ခရိုင် ထားဝယ်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၃၀၀ နှင့် ဒီဇယ်ဆီ ဂါလန် ၁၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၅၉၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၀၅၉၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၀၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၆၁)မှု (ခန့်မှန်းတန်ဖိုးငွေ ၂၈၉၄၅၁၁၄၅၉ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၅-၂၀၂၅ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၅ခုနှစ်၊ ဧပြီလ)(ပထမပိုင်း) |
| ၀၉:၁၀ | ရိက္ခာပြည့်ဖြိုးဝင်ငွေတိုး ဖူလုံကြွယ်ဝသားငါး ကဏ္ဍမှသည်(ကဏန်းပျော့မွေးမြူရေးဇုန်ဆီ) |
| ၀၉:၃၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | လူမှုစီးပွားသတင်းများ |
| ၁၁:၁၅ | လျှောင်အန္တရာယ်အသိကြွယ်ကြိုတင်ပြင်ဆင်ဆောင်ရွက်မယ် |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'ငေါင်'(အပိုင်း–၁) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၁၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၀ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ |
| ၁၇:၁၀ | Weekly Sport Info |
| ၀၇:၂၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၅ခုနှစ်၊ ဧပြီလ)(ဒုတိယပိုင်း) |
| ၁၈:၃၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား (၁၄၀) နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် |
| ၁၉:၀၀ | ဆုတောင်းမေတ္တာတေးကဗျာ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း–၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'လောကကိုအလှဆင်မယ်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Suvanna Sama (Hnin Yee Thant) |
| 07:10 | Thahtay Kyun Island |
| 07:24 | Edible Beauty: Tha Khut |
| 07:53 | Listening Pleasure, Instrumental Music (Banjo) Selection |
| 08:01 | News |
| 08:26 | ASEAN Women Entrepreneurship: Thailand |
| 08:36 | Artist Life: Designer May Myat Waso |
| 09:01 | Commercial Farming to GDP Growth, Pomelo Grower |
| 09:31 | Myanmar Marionette |
| 10:01 | News |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၅ | တိုင်းရင်းသားသီချင်း၊ အက(ရခိုင်) |
| ၀၆:၄၅ | မြန်မာသံစဉ်တေးများ |
| ၀၇:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း–၈) |
| ၀၈:၀၀ | စတီရီယိုတေးများ |
| ၀၈:၂၀ | ရုပ်စုံသဘင် 'ငါးပါဒအကျဉ်းရာဇာတ်တော်ကြီး' |
| ၀၉:၅၅ | မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'မျက်နှာများတဲ့ကောင်းကင်' |
| ၂၁:၀၀ | 'လောကကိုအလှဆင်မယ်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း–၁၄)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
မသန်သော်လည်းစွမ်းတဲ့သူ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
မြင်းဘွာရွက်ရဲ့အစွမ်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းရိုးရာပုံပြင် (အပိုင်း–၂)(ချင်းရိုးရာပုတီးနှင့်အမျိုးသားများ၏လည်စလုတ်)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သစ်တိုသီးဝက်သားချက်နဲ့မျှစ်ဟင်းရည်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက်ဘာလိုဏ်ဂူ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သေတ္တာပြုလုပ်ပုံအဆင့်ဆင့်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

### MRTV News

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | ရသစုံစွာကြည့်မြဲကမ္ဘာ |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV Parliament

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၄၅) |

### MRTV Farmers' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း |
| ၀၆:၀၅ | နိုင်ငံ့စီးပွားတိုးတက်စေဖို့ MSME လုပ်ငန်းတက်ညီလက်ညီဆောင်ရွက်စို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | AGRICULTURE IN INDIA |
| ၁၉:၁၅ | Rose Tour |
| ၂၀:၃၀ | ချုန်ပီယံလေး(ဇာတ်လမ်း) |
| ၂၂:၀၀ | Hidden Figures 2016 (နိုင်ငံခြားဇာတ်လမ်း) |

### MRTV Sports HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary (Volleyball) |
| ၀၇:၄၀ | Soccer View |
| ၁၂:၀၀ | FIFA MFF U-19 Youth League (Replay) VUC Ulad Vs JV |
| ၁၇:၀၀ | အားကစားသတင်း |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို ဇနေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အငြိမ်းစားပါမောက္ခအမျိုးသမီးတစ်ဦးကို သတ်ဖြတ်ခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဧပြီ ၂၇ ရက်က အငြိမ်းစားပါမောက္ခ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၇ နာရီခန့်တွင် ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်အတွင်း အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကိုတွေ့ရှိရကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေထွက်ကျေးရွာ မြောင်းပေါင်ဘေး လယ်ကွင်းအတွင်းဆောက်လုပ်ထားပြီး လူနေထိုင်ခြင်းမရှိသည့် တစ်ထပ်တိုက်အတွင်း ဒေါ်ထွေးထွေး(၆၆)နှစ် ပါမောက္ခ (အငြိမ်းစား) (ဘ)ဦးအောင်သန်းအား နဖူးပြတ်ရှဒဏ်ရာဖြင့် မှောက်လျက်အနေအထား သွေးအိုင်အတွင်း သေဆုံးပုပ်ပွနေသည်ကို တွေ့ရှိရသဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် တာဝန်ရှိသူများက အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းကာ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်အား အသေးစိတ်စစ်ဆေးခြင်း၊ သေဆုံးသူနှင့်ပတ်သက်သည့် အချက်အလက်များကို စုံစမ်းရှာဖွေခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ သေဆုံးသူပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေး အသုံးပြုမောင်းနှင်ခဲ့သည့် MDY-15 7G/xxxx Belta အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား အခင်းဖြစ်နေရာအနီးမှ သိမ်းဆည်းရရှိခဲ့ပြီး ဒေါ်ထွေးထွေးမှာ ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ မင်္ဂလာရန်ကင်းအိမ်ရာ (အငြိမ်းစားအိမ်ရာ)၊ တိုက်အမှတ်(C-16)၊ အခန်းအမှတ်(၄၀၁)တွင် တစ်ဦးတည်းနေထိုင်ပြီး တူတော်စပ်သူဦးရဲဝဏ္ဏနှင့်အတူ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်းသိရှိရသဖြင့် ပတ်ဝန်းကျင်သက်သေများကို အသေးစိတ်စစ်ဆေးခဲ့ရာ သက်သေများ၏ ထွက်ဆိုချက်များအရ ဒေါ်ထွေးထွေးမှာ ဧပြီ ၂၅ ရက် နံနက် ၇ နာရီတွင် နေအိမ်မှတစ်ဦးတည်း ၎င်းပိုင်မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားသည်ကိုမြင်တွေ့ရကြောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီကျော်ခန့်တွင် စိုင်းထွန်းနေဝ်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးက Belta ခဲရောင်မော်တော်ယာဉ်တစ်စီးကို မောင်းပေးရန် ၎င်းနှင့် ခင်မင်ရင်းနှီးသူတစ်ဦးအား အကူအညီတောင်းခံခဲ့ကြောင်း၊ ၎င်းကားနောက်ခန်းအတွင်းမှ မိန်းမစီးဖိနပ်တစ်ရံအား ရေကန်အတွင်းသို့ လွှင့်ပစ်သည်ကို မြင်တွေ့ရကြောင်း၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဒေါ်ထွေးထွေး၏ နေအိမ်သို့ ၎င်းနှင့်မြေကွက်အရောင်းအဝယ်ပြုလုပ်နေသူ စိုင်းထွန်းနေဝ်(ခ)ကိုစိုင်း(ခ)ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုး ရောက်ရှိလာပြီး နေအိမ်အတွင်း ဝင်သွားသည်ကို မြင်တွေ့ရကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် စိုင်းထွန်းနေဝ်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး (ခ)ကိုဖြိုးအား ဖမ်းဆီးစစ်ဆေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းမှာ မိသားစုများနှင့်အတူ တောင်ကြီးမြို့သို့ ထွက်ခွာသွားကြောင်း ထပ်မံစုံစမ်းသိရှိရသဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တရားခံ စိုင်းထွန်းနေဝ်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုး ၂၅ နှစ် (ဘ)ဦးစန်းယုအား ဟဲဟိုးမြို့ရှိ တည်းခိုခန်းတစ်ခု၌ ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေးအားသတ်ဖြတ်ပြီး ယူဆောင်ခဲ့သည့် မောင်းကွင်းရွှေလက်စွပ်တစ်ကွင်း၊ ကျောက်ပါရွှေထည်လက်စွပ်ငါးကွင်း၊ ရွှေကလစ်တစ်ခု၊ ကျောက်ပါရွှေထည်လော့ကတ်သီးနှစ်ခု၊ သံကြိုးပုံရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ပါ ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ပါ ရွှေလက်ကောက်တစ်ကွင်း၊ ရွှေကြယ်သီးငါးလုံး၊ မြေကွက်အရောင်းအဝယ် စာချုပ်/ စာရွက်စာတမ်း ၃၉ စောင်၊ Wave 110 ဆိုင်ကယ်တစ်စီး၊ မြန်မာငွေစက္ကူရောရာ ငွေကျပ် ၂၀၂၀၀၀၀ တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။






ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူတရားခံနှင့် ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

တရားခံ စိုင်းထွန်းနေဝ်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုး၏ ထွက်ဆိုချက်အရ ၎င်းနှင့် ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေးတို့သည် ဧပြီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာနှင့် နမ်းကြဲကျေးရွာအကြားရှိ ဒေါ်ထွေးထွေး ပိုင်ဆိုင်သည့် ခြံကွက်အား အရောင်းအဝယ်ပြုလုပ်ရန်ပြသစဉ် အရောင်းအဝယ်မတည့်သဖြင့် စကားများရာမှ ဒေါ်ထွေးထွေးအား လည်ပင်းညှစ်၍ အုတ်နီခဲဖြင့် ဦးခေါင်းအားနှစ်ချက်ထုရိုက်ခဲ့ကာ ၎င်းစီးနင်းလာသည့် MDY-15 7G/xxxx Belta အမျိုးအစား မော်တော်ယာဉ်အတွင်းမှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၅၀ တို့အား ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အငြိမ်းစားပါမောက္ခ ဒေါ်ထွေးထွေးအား သတ်ဖြတ်၍ ၎င်းပိုင်ရွှေထည်ပစ္စည်းများနှင့် ငွေကြေးများကို ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့သူ စိုင်းထွန်းနေဝ်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အမျိုးသားတစ်ဦးအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်းလုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဧပြီ ၂၇ ရက်က ဖြစ်ပွားခဲ့သည့် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်း၍ လုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီတွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ၃၇ x ၃၈ လမ်းကြား သင်္ဘောပတ်လမ်း (အနောက်)ရှိ Happy Like လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးအောင်နေမျိုး(၅၀)နှစ်သည် လက်ဖက်ရည်ဆိုင် အိပ်ခန်းအတွင်း ကျည်ထိမှန်ဒဏ်ရာများဖြင့် အသတ်ခံထားရကြောင်း ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှေစင်ဝင်း၏ ဖုန်းဆက်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ဦးအောင်နေမျိုးအား လက်ဖက်ရည်ဆိုင် အိပ်ခန်းအတွင်း ခုတင်ပေါ်၌ ယာနားထင်မှ ကျည်ဖောက်ဝင်ပြီး ဝဲနားထင်ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်၌ ထိုးသွင်းဒဏ်ရာ နှစ်ချက်တို့ဖြင့် သေဆုံးနေပြီး အခင်းဖြစ်နေရာမှ Thai Arms 9mm စာတန်းပါ ကျည်ခွံတစ်ခု သိမ်းဆည်းရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ တရားခံအား ဖော်ထုတ်ဖမ်းဆီးရရှိနိုင်ရေး အမှတ်(၇) နယ်မြေရဲစခန်း(ပ) ၅၀/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့ဖွဲ့၍ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ သက်သေများစစ်ဆေးခြင်း၊ မသင်္ကာတရားခံများ စုံစမ်းရှာဖွေခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ သေဆုံးသူ ဦးအောင်နေမျိုး၏ ဇနီး ဒေါ်ရွှေစင်ဝင်းမှာ မသင်္ကာဖွယ် အမူအရာပျက်ယွင်းနေသဖြင့် ၎င်းအား အသေးစိတ်စစ်ဆေးခဲ့ရာ ခင်ပွန်းဖြစ်သူမှာ ၎င်းအား အမျိုးမျိုးညှဉ်းပန်းနှိပ်စက်သည့်အပြင် အတူနေ ၎င်း၏ ညီအစ်ကိုမောင်နှမများအား နေအိမ်မှ အကြိမ်ကြိမ်မောင်းချသဖြင့် စိတ်နာကြည်းခဲ့ကြောင်း။

လွန်ခဲ့သော (၁)နှစ်ကျော်က Tik Tok အသုံးပြုရာမှ ၎င်းနှင့် ချစ်ကြိုက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးအတွင်း ကုန်စိမ်းရောင်းချသူ ဇော်ဖြိုးအောင် (၃၃)နှစ်အား မန္တလေးမြို့သို့ ခေါ်ဆောင်၍ အတူနေထိုင်ခဲ့ကြောင်း၊ လွန်ခဲ့သော တစ်လကျော်မှစတင်၍ မန္တလေးမြို့သို့ ဇော်ဖြိုးအောင် ရောက်ရှိလာသည့်အခါ ၎င်းတို့နှစ်ဦး အတူနေထိုင်ရန်အတွက် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ်အကွက်(၁၃)ရှိ အဆောင်တစ်ဆောင်အား ငှားရမ်းပေးခဲ့ကြောင်း၊ ဒေါ်ရွှေစင်ဝင်းက ၎င်းအား ညှဉ်းပန်းနှိပ်စက်နေသည့် ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ပေးရန် ဇော်ဖြိုးအောင်အား လွန်ခဲ့သော ရက်အနည်းငယ်က ဖုန်းဖြင့်ဆက်သွယ် ပြောဆိုတိုင်ပင်ခဲ့ကြကြောင်း၊ ဧပြီ ၂၅ ရက် ညနေ ၆ နာရီတွင် ဇော်ဖြိုးအောင်မှာ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိချိန်တွင် ၎င်းမှ ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ရန်အတွက် လာရောက်ရမည့်အချိန်နှင့် ခင်ပွန်းဖြစ်သူ အိပ်သည့်နေရာတို့ကို အသေးစိတ် ထပ်မံရှင်းလင်းပြောပြခဲ့ကြောင်း၊ ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဇော်ဖြိုးအောင်က ဦးအောင်နေမျိုး အိပ်သည့်အခန်းအတွင်း ဝင်ရောက်ကာ သေနတ်ဖြင့် လုပ်ကြံ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဇော်ဖြိုးအောင် နေထိုင်ရန် ၎င်းငှားရမ်း ပေးထားသည့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ်အကွက်(၁၃)ရှိ အဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းအတွင်းမှ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SIGSAUER အမျိုးအစား 9mm ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၂၈ တောင့်နှင့် Scoopy ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး တရားခံ ဇော်ဖြိုးအောင်မှာ ၎င်း၏ ဇာတိဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့နယ် တံခွန်တိုင် ကျုံဝါးကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း ထပ်မံစုံစမ်း ဖော်ထုတ်သိရှိရသဖြင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တရားခံ ဇော်ဖြိုးအောင်(၃၃)နှစ် (ဘ) ဦးစံမြင့်အား တံခွန်တိုင်ကျုံဝါးကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။






မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်း (ပ) ၅၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူ တရားခံ(ဝဲမှယာ) ဇော်ဖြိုးအောင်(၃၃)နှစ် (ဘ) ဦးစံမြင့်၊ ဒေါ်ရွှေစင်ဝင်း (၃၅)နှစ် (ဘ)ဦးလှဝင်းတို့နှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေး ဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်းကာ လုပ်ကြံသတ်ဖြတ်၍ လိမ်လည်သတင်းပေးတိုင်တန်းခဲ့မှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့် ရွှေစင်ဝင်းနှင့် ဇော်ဖြိုးအောင်တို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ (ခုတင်၂၀၀)ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံတွင် အမှတ်(၆)အထူးဆောက်လုပ်ရေးအဖွဲ့(အဆောက်အဦဌာန)မှ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများအား ပြန်လည်မွမ်းမံဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိမြို့မစည်ပင်သာယာဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာနှင့် စည်ကားသိုက်မြိုက်စွာ ဈေးရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသောအဆောက်အအုံများ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရံစေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့အား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တကောသလ္လအား သွားရောက်ဖူးမြော်၍ ဩဝါဒခံယူကာ သံဃာတော်များ အေးချမ်းစွာ သီတင်းသုံးနေထိုင်တော်မူနိုင်ရန်နှင့် ဆွမ်းကိစ္စအခက်အခဲမရှိအဆင်ပြေစေရန်အတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဓမ္မစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အမြန်ဆုံး ဖယ်ရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် မန္တလေးမြို့ ၃၅ လမ်းတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

ဒေါက်တာအရှင်ဆေကိန္ဒနှင့်အတူ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အလယ်တိုက်ကျောင်းတော်ကြီး၊ သိမ်၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများသို့သွားရောက်ကြည့်ရှုပြီး အပျက်အစီးများ အဖွဲ့ရုံးသို့ သွားရောက်၍ Modular House တည်ဆောက်ခြင်းနှင့် ယာယီရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

**စာမျက်နှာ ၁၇ သို့ ☆**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်ခရိုင် ကူမဲမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လျောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့် ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများအား စုပေါင်းရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

# လူ့အဖွဲ့အစည်း၏ မရှိမဖြစ်အခြေခံအုတ်မြစ်ဖြစ်သော လုပ်သားကြီးများ

ကိုဘုန်း(ထုတ်လုပ်)

**အလုပ်သမားများသည် လူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားသောစီးပွားရေးလုပ်ငန်းများအားလုံးသည် အလုပ်သမားများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် ရပ်တည်နေရခြင်းဖြစ်သည်။ အလုပ်သမားများ၏ ကြိုးပမ်းမှုမရှိပါက လူ့အဖွဲ့အစည်းသည် တိုးတက်မှုမရှိနိုင်ပေ။ ထိုသို့ အရေးပါလှသော အလုပ်သမားများကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်မေလ ၁ ရက်နေ့ကို အလုပ်သမားနေ့အဖြစ်သတ်မှတ်၍ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ခလစာများ၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးစသည့် အခွင့်အရေးများကို အသိအမှတ်ပြုသည့်နေ့ဖြစ်သည်။ အဆိုပါနေ့သည် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများ၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုသည့်နေ့ဖြစ်ပြီး သမိုင်းကြောင်းအရလည်း အလုပ်သမားလူတန်းစားများ၏ ရပ်တည်မှုနှင့် လှုပ်ရှားမှုများကို အမှတ်ရစေပါသည်။**

### နိုင်ငံတော်က အလေးပေးဆောင်ရွက်လျက်ရှိသော အလုပ်သမားကြီးများ၏ အခန်းကဏ္ဍ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် အခမ်းအနားများ ကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အလုပ်သမားနေ့ကို ၁၉၃၈ ခုနှစ် မေလ ၁ ရက်နေ့မှစတင်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့တွင် (၈၇) ကြိမ်မြောက်သို့ပင် ရောက်ခဲ့ပြီဖြစ်လေသည်။

မြန်မာနိုင်ငံတွင် ၁၉၃၈ ခုနှစ်မှစတင်ပြီး အလုပ်သမားနေ့(မေဒေး)ကို ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာကာ မေဒေးနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် ပြဋ္ဌာန်းခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီတက်လာပြီး ၁၉၆၃ ခုနှစ်တွင် ပြည်သူ့အလုပ်သမားကောင်စီကို ဖွဲ့စည်းခဲ့သည်။

ကမ္ဘာပေါ်ရှိ လူသားအလုပ်သမားများကို အမျိုးအစားခွဲခြားကြည့်လျှင် ကာယအလုပ်သမားနှင့် ဉာဏအလုပ်သမားဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားတွေ့နိုင်မည်ဖြစ်သည်။ မြန်မာအဘိဓာန်တွင်လည်း အလုပ်သမားဟူသည် မိမိအသက်မွေးမှုအတွက် ကာယအား၊ ဉာဏအားကိုအသုံးပြုကာ အလုပ်လုပ်သူဟူ၍ ဖွင့်ဆိုထားသည်။ အလုပ်လုပ်ရာ၌ မိမိအသက်မွေးမှုအတွက် မိမိအလုပ်ကို ကိုယ်တိုင်လုပ်ခြင်းနှင့် သူတစ်ပါး၏အလုပ်ကို လုပ်အားခယူကာ လုပ်ခြင်းဟူ၍ အလုပ်နှစ်မျိုးရှိသည်။ မည်သို့ပင်ဖြစ်စေ ကာယ၊ ဉာဏ အလုပ်သမားများသည် မိမိတို့ဘဝရပ်တည် ရှင်သန်ရေးအတွက် ကာယအား၊ ဉာဏအားများကိုရင်းကာ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးဆပ်နေကြသူများဖြစ်သည်ဟု ဆိုနိုင်သည်။

လူတစ်ယောက်သည် အနည်းဆုံး အလုပ်အကိုင်တစ်ခုတော့ ရှိရမည်ဖြစ်သည်။ "အလုပ်မရှိက ဘဝမရှိနိုင်" "ဘဝကို အလုပ်ဖြင့်တည်ဆောက်ရမည်"ဟူသော ဆောင်ပုဒ်များသည် အလုပ်၏ အရေးကြီးပုံကို ဖော်ပြထားခြင်းဖြစ်သည်။ အလုပ်ရှိမှသာ ဘဝတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်ပြီး ဘဝရပ်တည်ရေးအတွက် အဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် လူသားနှင့် အလုပ်အကိုင်၊ အလုပ်အကိုင်နှင့် လူသားသည် ယှဉ်တွဲ၍နေရမည်သာဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ လုပ်အားကို တန်ဖိုးထားဖော်ထုတ်လျက်ရှိသည်။ အလုပ်သမားများကိုလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေး၊ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရရှိရေးအတွက် အားပေးလျက်ရှိသည်။ အလုပ်သမားတို့အတွက် ရပိုင်ခွင့်နှင့် တာဝန်သည် ကွဲကွဲပြားပြား ထင်ရှားပေါ်လွင်လာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး၊ သွင်းကုန်




တင်သွင်းသည့်နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ အခြေခံပညာကဏ္ဍမြှင့်တင်နိုင်ရေး၊ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ အရည်အသွေးရှိသည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး၊ ကျေးလက်ဒေသတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများပေးနိုင်ရေး၊ MSME လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အလုပ်သမားဝန်ကြီးဌာနက ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါ ရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်

> **"အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူဖြစ်စေပါသည်။ စွန့်ဦးတီထွင်မှုမြှင့်တင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှု၊ အခြေခံအဆောက်အအုံ ပရောဂျက်များတွင် ရင်းနှီးမြှုပ်နှံမှု၊ အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးအစီအစဉ်များတိုးမြှင့်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) တို့ကို ပံ့ပိုးပေးခြင်းတို့အပြင် အဆင်ပြေသော စီးပွားရေးပတ်ဝန်းကျင်ကိုမွေးမြူပြီး အားလုံးပါဝင်သော မူဝါဒများကို မြှင့်တင်ခြင်းသည်လည်း မြန်မာနိုင်ငံ အလုပ်သမားများ၏ အလုံးစုံသော ဘဝအရည်အသွေးကိုမြှင့်တင်ရန် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရာတွင်လည်း အထောက်အကူဖြစ်"**

ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေး အာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးသည့်မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်နိုင်ရေး၊ နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ရေးတို့တွင် အလုပ်သမားစွမ်းအားစုကြီး၏ အကောင်အထည်ဖော်နိုင်မှုအပေါ် များစွာမူတည်နေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နှစ်ဦးနှစ်ဖက်မျှတသည့်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံပါကျွမ်းကျင် အလုပ်သမားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာမှုအစီအစဉ်အရ အလုပ်သမားဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်၍ နိုင်ငံတွင်းသာမက အာဆီယံဒေသတွင်းရှိ အလုပ်သမားများနှင့်ပါ ယှဉ်ပြိုင်ရမည့်အပြင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်းဝင်ရောက်လာပါက သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုများ တိုးတက်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားအင်အားကို စနစ်တကျနှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်အရေးကြီးပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မဟာဗျူဟာရေးဆွဲခြင်း၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သာတူညီမျှအခွင့်အရေးများနှင့် စီးပွားရေးတိုးတက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် လူမှုဘဝတိုးတက်မှုတို့ကို တွန်းအားပေးရန်အတွက် အရည်အချင်းများကို ထိရောက်စွာအသုံးချခြင်းများ ပါဝင်သည်။

အမှန်တကယ် အလုပ်လုပ်နိုင်သူများကို သင့်လျော်ကောင်းမွန်သည့် လုပ်ငန်းခွင်များ၌ နေရာချထားပေးခြင်းဖြင့် အလုပ်သမားများအတွက် လုပ်ခဝင်ငွေများရရှိနိုင်ပြီး အလုပ်သမားများ၏ ဆင်းရဲမှုကို လျှော့ချပေးနိုင်ပါသည်။ တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် အရည်အချင်းများကို သင့်လျော်သောအလုပ်အကိုင်များနှင့် ကိုက်ညီစေခြင်းသည် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးပြီး အလုပ်သမားများ၏ စီးပွားရေးကိုအကျိုးပြုပါသည်။ ဤနည်းလမ်းသည် လုပ်သားအင်အား၏ အလားအလာကို အပြည့်အဝအသုံးချခြင်းဖြင့် စီးပွားရေးတိုးတက်မှုနှင့် တည်ငြိမ်မှုကိုလည်း မြှင့်တင်ပေးပါသည်။

စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရန် အရေးကြီးပါသည်။ ပြည့်စုံသောအသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်း၊ စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ပေးဆောင်ခြင်း၊ လမ်းညွှန်မှုနှင့် အလုပ်သင် အစီအစဉ်များကို ကမ်းလှမ်းခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ ရှင်းလင်းသောစံနှုန်းများနှင့် အကဲဖြတ်ချက်များကို ချမှတ်ရန် အရေးကြီးပါသည်။ ပညာရေးအဖွဲ့အစည်းများ၊ အလုပ်ရှင်များနှင့် အစိုးရအေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် စက်မှုလုပ်ငန်းလိုအပ်ချက်များနှင့် လေ့ကျင့်သင်ကြားမှုကို ချိန်ညှိပေးပြီး သင်ကြားသည့် ကျွမ်းကျင်မှုဆိုင်ရာ ဆက်စပ်မှုရှိစေရန် ကူညီပေးနိုင်ပါသည်။

ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးသည် အမှန်တကယ်ပင် အခြေခံကျပါသည်။ ငယ်ရွယ်စဉ်ကလေးဘဝမှ အထက်တန်းပညာရေးအထိ အဆင့်တိုင်းတွင်

စာမျက်နှာ ၁၉ သို့ ○

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနား တက်ရောက်

ပုသိမ် မေ ၁

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလုပ်ရှင်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





# ကယားပြည်နယ်ဝန်ကြီးချုပ် အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ဌာနဆိုင်ရာရုံးများဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

လွိုင်ကော် မေ ၁

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဘီလူးချောင်းကမ်းပါး မြေထိန်းနံရံများ ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း စာသင်ခန်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းအိပ်ဆောင်များ၊ လက်တွေ့သင်ကြားရေးအလုပ်ရုံများ ပြင်ဆင်နေမှုနှင့် လိုအပ်သည်များ ထပ်မံပြုပြင်ရန်တို့ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှုနှင့် ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ချိတ်ဆက်ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်မန်နေဂျာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးသို့ ရောက်ရှိကာ ပင်မရုံးအဆောက်အအုံနှင့် ဌာနခွဲရုံးခန်းများ၊ ဧည့်ရိပ်သာနှင့် အစည်းအဝေးခန်းမများ ပြုပြင်ပြီးစီး၍ ရုံးပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၊ အုတ်တံတိုင်း ခြံစည်းရိုးကာရံပေးနိုင်ရေးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ လွိုင်ကော်မြို့ ဒေါ်ဥခုရပ်ကွက်ရှိ ဘီလူးချောင်းကမ်းနားလမ်းသို့ ရောက်ရှိကာ မိုးရာသီတွင် ရေကြီးရေလျှံဖြစ်ပေါ်မှုမှ ကာကွယ်နိုင်ရေး မြေထိန်းနံရံများပြုပြင်ရန် လိုအပ်သည့်နေရာများကို ထပ်မံတည်ဆောက်နိုင်ရန်နှင့် ဘီလူးချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သဲနုန်း၊ ကျွန်းမွားများစသည့် ရှင်းလင်းရန်လိုအပ်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

○ စာမျက်နှာ ၁၈ မှ

ပညာရေး၌ ရင်းနှီးမြှုပ်နှံခြင်း၊ တစ်သက်တာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ခြင်း၊ ကျွမ်းကျင်မှုတည်ဆောက်ခြင်း အစပျိုးခြင်းများကို ပံ့ပိုးပေးခြင်း၊ ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးခြင်းနှင့် နိုင်ငံသားအားလုံးအတွက်ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တန်းတူရရှိစေရေးတို့ပါဝင်သည်။ ထို့ပြင် အလုပ်အကိုင်ဖန်တီးမှု၊ စွန့်ဦးတီထွင်မှုတို့ကို ပံ့ပိုးပေးသည့် မူဝါဒများသည် လူသားအရင်းအနှီး၏ အလားအလာကို အမြင့်ဆုံးမြှင့်တင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မောင်းနှင်ရန်အတွက် အရေးကြီးပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူဖြစ်စေပါသည်။ စွန့်ဦးတီထွင်မှုမြှင့်တင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှု၊ အခြေခံအဆောက်အအုံ ပရောဂျက်များတွင် ရင်းနှီးမြှုပ်နှံမှု၊ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးအစီအစဉ်များ တိုးမြှင့်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) တို့ကို ပံ့ပိုးပေးခြင်းတို့အပြင် အဆင်ပြေသော စီးပွားရေးပတ်ဝန်းကျင်ကိုမွေးမြူပြီး အားလုံးပါဝင်သော မူဝါဒများကို မြှင့်တင်ခြင်းသည်လည်း မြန်မာနိုင်ငံ အလုပ်သမားများ၏ အလုံးစုံသော ဘဝအရည်အသွေးကိုမြှင့်တင်ရန် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရာတွင်လည်း အထောက်အကူဖြစ်စေပါသည်။

အလုပ်သမားများအတွက် လုပ်ငန်းခွင်အေးချမ်းသာယာ၍ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သင့်လျော်ကောင်းမွန်သောလုပ်ငန်းခွင်များ ဖန်တီးပေးရမည်ဖြစ်သည်။ အလုပ်သမားများအတွက် ငြိမ်းချမ်း၊ လုံခြုံ၊ ကျန်းမာပြီး သင့်လျော်သော လုပ်ငန်းခွင်တစ်ခုဖန်တီးရန် ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်မှုလိုအပ်ပါသည်။ ယင်းတို့တွင် အလုပ်သမားဥပဒေနှင့် စည်းမျဉ်းများပြဋ္ဌာန်းခြင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးစံနှုန်းများကို အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းခွင် ဘေးကင်းရေးအလေ့အကျင့်များဆိုင်ရာ လေ့ကျင့်ပေးခြင်း၊ လေးစားမှုနှင့် ယဉ်ကျေးမှုကို မြှင့်တင်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် နှောင့်ယှက်ခြင်းဆိုင်ရာပြဿနာများကို ဖြေရှင်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုများကို ပေးဆောင်ခြင်းနှင့် မျှတသောလျော်ကြေးနှင့် အကျိုးကျေးဇူးများ ရရှိစေရေးတို့ ပါဝင်ပါသည်။

အလုပ်သမားများအား အကာအကွယ်ပေးနိုင်မည့် ခိုင်မာသောဥပဒေများကို ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်းသည် အလုပ်သမားများကို အကာအကွယ်ပေးရာတွင် မရှိမဖြစ် လိုအပ်ပါသည်။

အလုပ်သမားများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် လူမှုဖူလုံရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ အလုပ်သမားများ၏ လိုအပ်ချက်များကို တိုက်ရိုက်ဖြေရှင်းနိုင်သော လူမှုဖူလုံရေးစီမံကိန်းများ ထူထောင်ခြင်းနှင့် အကောင်အထည်ဖော်ရာတွင် အလုပ်သမားများ ရင်ဆိုင်နေရသော သီးခြားလိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို နားလည်ရန် သုတေသနနှင့် စစ်တမ်းများကို စေ့စေ့စပ်စပ်ပြုလုပ်ခြင်း၊ အလုပ်သမားသမဂ္ဂများ၊ အခြားသော သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံပြီး အကြံဉာဏ်များ စုဆောင်းကာ အလုပ်သမားများ၏ ဦးစားပေးအရာများနှင့် ကိုက်ညီမှုရှိမရှိ သေချာစေရန် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရေးနှင့် အသိပညာပေးခြင်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု၊ အငြိမ်းစားခံစားခွင့်များ၊ အလုပ်လက်မဲ့အာမခံ၊ မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ကလေးထိန်းကူညီမှုစသည့် ကဏ္ဍပေါင်းစုံပါဝင်သော လူမှုဖူလုံရေးစီမံကိန်းများကို အသေးစိတ်အစီအစဉ် ရေးဆွဲကာ ဖော်ဆောင်လုပ်ကိုင်ပြီး ထိရောက်မှုကို အဆက်မပြတ်စောင့်ကြည့်ကာ အလုပ်သမားအင်အားစု၏ တုံ့ပြန်ချက်နှင့် တိုးတက်ပြောင်းလဲနေသော လိုအပ်ချက်များအပေါ်အခြေခံ၍ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သင့်ပါသည်။

အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များတွင် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ပုံမှန်အားဖြင့် သတင်းအချက်အလက်မျှဝေခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီပြီး ဒေသဆိုင်ရာလိုအပ်ချက်များကိုဖြည့်ဆည်းပေးသည့် အလုပ်သမားမူဝါဒများ၊ စည်းမျဉ်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအပေါ် ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရများက သင်တန်းများ၊ အလုပ်ရုံများနှင့် နည်းပညာအကူအညီများကို ပံ့ပိုးပေးခြင်း၊ အလုပ်သမားများ၏ အခွင့်အရေး၊ မျှတသောလုပ်ခလစာ၊ လုံခြုံသော လုပ်ငန်းခွင်အခြေအနေများနှင့် ကမ္ဘာလုံးဆိုင်ရာ (သို့မဟုတ်) ဒေသဆိုင်ရာအဆင့်တွင် လူမှုတရားမျှတမှုအတွက် အတူတကွ လုပ်ဆောင်ခြင်း၊ လူကုန်ကူးမှုနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တာဝန်များကဲ့သို့သော နယ်စပ်ဖြတ်ကျော် အလုပ်သမားပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ ဆောင်ရွက်ရပါမည်။

မြန်မာအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရာတွင် လူနေမှုစရိတ်၊ စီးပွားရေးအခြေအနေ၊ အလုပ်သမားဈေးကွက် တက်ကြွမှုနှင့် လူမှုဖူလုံရေး စသည့်အချက်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ တရားမျှတပြီး ထိရောက်မှုရှိစေရန်အတွက် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် အစိုးရကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ပါသည်။ ထို့ပြင် စီးပွားရေးအခြေအနေများနှင့် လူနေမှုအဆင့်အတန်းဆိုင်ရာ ပြောင်းလဲမှုများအတွက် အချိန်အခါအလိုက် ပြန်လည်သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများ လိုပါသည်။ ထို့ပြင် အလုပ်အကိုင်အဆင့်၊ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အလားအလာရှိသော အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်းသည် အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို မျှတစေမည့် သင့်လျော်သော အနည်းဆုံးအခကြေးငွေကို ဆုံးဖြတ်ရာတွင် မရှိမဖြစ်လိုအပ်ပါသည်။

ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားရမည့်အချိန်ဖြစ်ရာ နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများပါ တစ်ပြိုင်တည်း တိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်ထွန်းလာစေရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်နားလည်မှုရှိရှိဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Offer2962005" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်နေ လမင်းနောင်အား ည ၇ နာရီ မိနစ်၄၀ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို သိမ်းဆည်းရမိ





တရားခံများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁

ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် တပ်ကုန်းမှ မော်လမြိုင်သို့ မိုးဝင်းလှိုင် မောင်းနှင်ပြီး ကျော်ခိုင်ဦး လိုက်ပါလာသည့် TOYOTA LEXUS ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သူရမျိုးမျိုး(ခ)မျိုးမျိုးအား တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆေးခြောက် ၂ ဒသမ ၃ ကီလို၊ CADILLAC ESCALADE မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ကိုယ့်စိတ်ကို သတိထား

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

အိမ်ပေါ်ကိုတက်ပြီး ဆော့ကစားတတ်တဲ့ ကလေးတွေဘက်ကိုလည်း ကြည့်ကြည့်ပါဦး။

"ဒီအိမ် မသွားကြတော့နဲ့ ဟေ့၊ ဟောဒီ အဘိုးကြီးက တော်တော်ဆူတယ်။ ဆော့လို့လည်း မကောင်းဘူး။ ကစားလို့လည်း မကောင်းဘူး" ဆိုပြီး ဒီအိမ်မှာ ကစားရတာ စိတ်ပျက်သွားတတ်တယ်။ ပြီးတော့လည်း အဲဒီအိမ်ကို ကလေးတွေ မလာတော့သလိုပေါ့။

"ဒီအိမ် မသွားနဲ့ဟေ့၊ အဘိုးကြီးက ကပ်စေးနဲ တယ်။ ပြောတာဆိုတာ ရက်ရက်စက်စက်ပြောတယ်၊ မောင်းလည်းထုတ်တယ်။ မသွားဘဲ နေနိုင်ကြသလား၊ နေနိုင်ကြတယ်၊ မသွားတော့ဘူးဟေ့" လို့ ကလေးတွေမလာကြတော့သလို ကိလေသာတွေကို နောင်မလာတော့အောင် အသိဉာဏ်နဲ့ ပက်ပက်စက်စက် ပြောပစ်လိုက်စမ်းပါ။ မောင်းထုတ်လိုက်စမ်းပါ။

"နင်တို့ ငါ့စိတ်ထဲကို မလာနဲ့။ နင်တို့ အာဂန္တုကိလေသာတွေလာကြလို့ ငါ့ရဲ့စိတ်ညစ်ရတာ။ ငါ့ရဲ့စိတ် ရှုပ်ရတာ။ အဲဒီလို နင်တို့မလာရင် အမြဲတမ်း ငါ့ရဲ့စိတ်ကလေးက ချမ်းသာနေတာ" လို့ ပြောလိုက်စမ်းပါ။

အဲဒါကြောင့်မို့ မိမိရဲ့စိတ်အိမ်ကို အမြဲသတိတံခါးစောင့်ထားပေးပါ။ ကြီးကျယ်မြင့်မြတ်တဲ့ဉာဏ်နဲ့ ကိလေသာတွေကို မောင်းထုတ်ပေးပါ။ မျက်တောင်လေးခတ်လည်း သတိထားပါ။ လက်ကလေးလှုပ်လည်း သတိထားပါ။ ရင်ဘတ်လေးခုန်လည်း သတိထားပါ။

အကုန်အကုန် နေရာမရွေး၊ အလုပ်မရွေး၊ အချိန်မရွေး၊ အမူအရာမရွေး အမြဲတမ်း သတိထားလိုက်စမ်းပါ။ အဲဒါ သတိပဋ္ဌာန်ဘာဝနာ အားထုတ်နည်းပါ။

သတိထားစေချင်လို့ ပြောတာပါ။ နှာသီးဝ၊ နှုတ်ခမ်းဖျားထားလည်းရတယ်။ ထွက်လေ၊ ဝင်လေ အာနာပါန ကမ္မဋ္ဌာန်းနဲ့ပတ်သက်ပြီးတော့ အစက နှာသီးဝ၊ အဆုံးက ချက်၊ အလယ်က ဒီနှစ်ခုအကြား လို့ ဆိုထားပါတယ်။

ဒါတွေက အာနာပါန ထွက်လေ၊ ဝင်လေရဲ့ နေရာသတ်မှတ်ချက်တွေပါ။ အာနာပါန သမထအတွက်က ထွက်လေ၊ ဝင်လေကို နိမိတ်ယူနိုင်သလို အာနာပါန ဝိပဿနာက ထွက်လေ၊ ဝင်လေနဲ့ စပ်သမျှ ရုပ်တရား၊ နာမ်တရားတွေကို သိမြင်နိုင်ပါတယ်။


ဒါကြောင့် သတိထားတဲ့ အားထုတ်မှုဟာ အာခေါင်မှာထားလည်းရတယ်။ လည်ပင်းမှာထားလည်းရတယ်။ ရင်ဘတ်မှာထားလည်းရတယ်၊ ဗိုက်မှာထားလည်းရတယ်။ ထွက်လေ၊ ဝင်လေနဲ့ ထိစပ်ရာ အရပ်တွေမှာ ထားလို့ရတယ်လို့ ဆရာသမားများက နေရာအမျိုးမျိုးကို မိန့်ထားခဲ့ကြပါတယ်။

ဝိပဿနာအတွက် နေရာကို အတိအကျ ဘယ်ရယ်လို့ မပြောလိုပါဘူး။ အရေးကြီးတာက စိတ်မှာ သတိရှိ၊ အသိဉာဏ်ရှိဖို့သာ အဓိကထားပါ။

ကိုယ့်စိတ်ကလေး ဖြစ်တိုင်း ဖြစ်တိုင်း ကိလေသာမပါဖို့ အရေးကြီးတယ်။ အမှန်ကတော့ တရားအားထုတ်တယ်ဆိုတာ သတိအလုပ်၊ ဉာဏ်အလုပ် လုပ်နေရတာပါ။ သတိရှိရင် ဝီရိယ၊ သမာဓိပါ ပါနေတယ်။ ဉာဏ်ရှိရင် သမ္မာသင်္ကပ္ပ မှန်ကန်တဲ့ ကြံစည်မှုပါ ပါနေပါတယ်။

သမ္မဝါယာမ... သမ္မဇဉ်အလုပ်ဆိုတာ သတိနဲ့ ဉာဏ်နဲ့တွဲလုပ်ရတဲ့ အလုပ်ပါ။ ယောဂီတို့အတွက် သတိဉာဏ်ရှိအောင် ပြောပေးနေတာပါ။ သတိဉာဏ်ရှိအောင် ကြိုးစားပါ။

> **မိမိရဲ့စိတ်အိမ်ကို အမြဲသတိတံခါးစောင့်ထားပေးပါ။ ကြီးကျယ်မြင့်မြတ်တဲ့ ဉာဏ်နဲ့ ကိလေသာတွေကို မောင်းထုတ်ပေးပါ။ မျက်တောင်လေးခတ်လည်း သတိထားပါ။ လက်ကလေးလှုပ်လည်း သတိထားပါ။ ရင်ဘတ်လေးခုန်လည်း သတိထားပါ။ အကုန်အကုန် နေရာမရွေး၊ အလုပ်မရွေး၊ အချိန်မရွေး၊ အမူအရာမရွေး အမြဲတမ်း သတိထားလိုက်စမ်းပါ။ အဲဒါ သတိပဋ္ဌာန်ဘာဝနာ အားထုတ်နည်းပါ**



ဉာဏ်ဆိုတာမှာ သံဝေဂဉာဏ်ဆိုတာလည်း ရှိတယ်။ ဝိပဿနာဉာဏ်ဆိုတာလည်းရှိတယ်။ မဂ်ဉာဏ်ဆိုတာလည်းရှိတယ်။ ဖိုလ်ဉာဏ်ဆိုတာလည်းရှိတယ်။ ပစ္စဝေက္ခဏာဉာဏ်ဆိုတာလည်း ရှိပါတယ်။

တကယ်တမ်း လောကကြီးကိုခြုံကြည့်ရင် လောကကြီးက ဧည့်သည်။ လောကမှာနေတဲ့သူတွေလည်း ဧည့်သည်၊ ကိုယ်လည်း ဧည့်သည်။ တစ်လောကလုံးက ဧည့်သည်ပါပဲ။ လောကမှာနေတဲ့ သတ္တဝါတွေအားလုံးကလည်း ဧည့်သည်တွေချည်းပါပဲ။ ဧည့်သည်အားလုံးဟာ မွေး၊ အို၊ နာ၊ သေ ဆိုတဲ့ ခရီးတိုကိုဖြတ်ပြီး သံသရာပတ်နေကြသူတွေပါ။

သူလည်း ခရီးသွား၊ ကိုယ်လည်း ခရီးသွား၊ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး သွားနေကြရတာပါ။ သံသရာပြတ် စခန်းရပ်အောင် နိဗ္ဗာန်ကိုသွားတဲ့သူ ဖြစ်ဖို့သာ အဓိကထား ကြိုးစားရမှာပါ။

အဲဒါကို ပြောတာပေါ့။ "အတ္တာဟိ အတ္တနောနာထော" တဲ့။ ကိုယ့်ကိုယ်ကိုယ် အားကိုး၊ ကိုယ့်အထုပ် ကိုယ်သယ်၊ ကိုယ်သွားနိုင်သမျှ ကိုယ်ရောက်အောင် သွားရမှာပါ။

"အမေရယ် ကယ်ပါဦး၊ အဖေရယ် ကယ်ပါဦး။ အမေ ဆွဲပါဦး၊ သား ဆွဲပါဦး" လုပ်လို့ မရပါဘူး။ ကိုယ့်ကုသိုလ်အထုပ် ကိုယ်ဆွဲပြီး သွားကြရတာ။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်လမ်းလျှောက်ရတာ။

မိမိတို့မှာ ကုသိုလ်ထုပ်တွေ ဘယ်လောက်ရှိနေပြီလဲ။ ကိုယ့်အားကိုးစရာကုသိုလ်တွေ ဘယ်လောက်များနေပြီလဲ။

ဒါနရယ်၊ သီလရယ်၊ ဘာဝနာရယ်ဆိုတဲ့ သံသရာရိက္ခာထုပ်တွေကို ပြန်ဆန်းစစ်ကြည့်ကြပါဦး။

ဒါနထုပ် ကြည့်ပြီးပြီ၊ မပြောင်။

သီလထုပ် ကြည့်ပြီးပြီ၊ ကြောင်တောင်တောင်။

ဘာဝနာထုပ်ကို ပြန်ကြည့်လိုက်တော့။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မိန့်ထားတယ်။

"ဒါနကလည်း မပြောင်၊ သီလကလည်း ကြောင်တောင်တောင်၊ ဘာဝနာကလည်း အယောင်ဆောင်" တဲ့။

အဲဒီလို ဖြစ်နေသေးတယ်ဆိုရင် မိမိတို့ဒါနကို ဖြူစင်အောင် ကြိုးစားရမယ်။ သီလကိုလည်း စင်ကြယ်အောင် မကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။ ဘာဝနာကျတော့လည်း ဟန်ဆောင်မှုမပါဘဲ သတိဉာဏ်အစစ်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ဖို့၊ အမှန်တရားအားထုတ်ဖြစ်ဖို့ အရေးကြီးပါတယ်။

လောကသံသရာ ခရီးသွားတဲ့ဧည့်သည်လို့ ကိုယ့်ကိုယ်ကိုယ် သဘောပေါက်ရင် သူလည်း ဧည့်သည်၊ ကိုယ်လည်း ဧည့်သည် သံသရာခရီးကို မရပ်တမ်းသွားနေကြတာ တစ်ချက်မှမနားရဘူး။ ပင်ပန်းလှပြီဆိုပြီး သံဝေဂဉာဏ်ဖြစ်ပြီး သံသရာမှာ နားချင်စိတ် ဖြစ်ပေးရပါမယ်။

အခု ကိုယ်ထိုင်နေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ကိုယ်ကထင်ပေမယ့်လို့ လူကသာထိုင်တာ၊ အမှန်က သံသရာခရီးသွားနေတာ။

ပညတ်အနေနဲ့ပြောရင် သူရော ငါရော ကိုယ်ရော နင်ရော၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးကို ကြည့်၊ ပင်ပန်းလိုက်တာ။ ရုပ်နာမ်စဉ်ဆက်တွေ ဆက်ကာဆက်ကာဖြစ်ပြီး သံသရာခရီးသွားနေကြရတာ။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ဘဝသစ်

ကျွန်တော်တို့သည် ယခုအခါ၌ ကံဟူသည် 'စေတနာစေ့ဆော်မှုသဘော' ကိုပင် ခေါ်ကြောင်းကို သိကြရပြီဖြစ်သည်။

ဤဘဝ၌ ကျွန်တော်တို့သည် 'ကံ'တို့ကို နေ့စဉ်နှင့်အမျှ တရစပ်လုပ်လာကြသည်။ ကောင်းသည့်ကံလည်းရှိသလို မကောင်းသည့်ကံလည်းရှိခဲ့လေသည်။


ထိုလုပ်လာသမျှသော 'ကံ' တို့ကို အမျိုးတူရာစု၍ အရေအတွက်နှင့် ဖော်ပြရသော် –

အကုသိုလ်ကံခေါ် မကောင်းကံ ၁၂ ပါးနှင့် ကုသိုလ်ကံခေါ် ကောင်းကံ ရှစ်ပါးသာဖြစ်သည်။

အဘိဓမ္မာသဘောအရ သရုပ်ထုတ်ရသော် အကုသိုလ်စိတ် ၁၂ ပါးနှင့် ကာမကုသိုလ်ခေါ် မဟာကုသိုလ်စိတ် ရှစ်ပါးတို့သာဖြစ်သည်။

ထိုကံတို့သည် သာမန်ကံများမဟုတ်။ တမလွန်ဟူသော နောက်ဘဝ (ဒုတိယဘဝ)၌ ကျွန်တော်တို့အား နတ်ဖြစ်လည်း နတ်အလျောက်၊ လူဖြစ်လည်း လူအလျောက်ဆိုသလို ဘဝသစ်ကြီးတစ်ခုဖြစ်လာအောင် ထူထောင်ပေးမည့်ကံများ ဖြစ်ကြသည်။

ဤတွင် အကုသိုလ်ကံ ၁၂ ပါးတွင် ဥဒ္ဒစ္စကံသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သဖြင့် ထိုဥဒ္ဒစ္စကံကို




ဖယ်ထုတ်သော် အကုသိုလ်ကံ ၁၁ ပါးသာကျန်သည်။ ကျန်အကုသိုလ်ကံ ၁၁ ပါးကသာ နောက်ဘဝဝယ် ပဋိသန္ဓေအကျိုးကိုဝင်ပေးပြီး တစ်ဘဝတစ်ခန္ဓာ ထူထောင်ရမည်ဖြစ်သည်။

ထိုဥဒ္ဒစ္စ အကုသိုလ်ကံ မပါသော အကုသိုလ်ကံ ၁၁ မျိုး၏ တစ်ဘဝတစ်ခန္ဓာ ထူထောင်ပေးမည့်ဘုံက "အပါယ ဘူမိယံပဋိသန္ဓိ ဇနေတိ"အရ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံပင် ဖြစ်သည်။

ထိုအပါယ်လေးဘုံဝယ် အကုသိုလ်ကံ ၁၁ ပါး အနက် တစ်မျိုးမျိုးက အကျိုးပေးတော့မည်ဖြစ်သည်။

ထို့အတူ ကာမကုသိုလ်ကံရှစ်ပါးကလည်း ဤဘဝက စုတိစိတ်ကျပြီးနောက် နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကို မုချဧကန်အကျိုးပေးတော့မည်ဖြစ်သည်။ ကာမကုသိုလ်ကံ ရှစ်ပါး၏ အကျိုးပေးရာဘုံကား–

'ကာမာဝစရ ကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဇနေတိ' အရ ကာမသုဂတိ ခုနစ်ဘုံမှာ ပဋိသန္ဓေအကျိုးကို ပေးမည်ဖြစ်သည်။

ကာမသုဂတိခုနစ်ဘုံဟူသည်မှာ လူ့ဘုံနှင့် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီခေါ် နတ်ပြည်ခြောက်ထပ်တို့ပင်ဖြစ်သည်။ ထိုမှတစ်ပါး အခြားသော ဈာန်ကုသိုလ်ကံတို့က "ရူပဘုံနှင့် အရူပလေးဘုံ" ဟူသော ဗြဟ္မာပြည် ၂၀ တို့၌ အကျိုးဧကန်ပေးကြမည်ဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့သည် မိမိတို့၏ စေတနာထက်သန်မှုကိုလိုက်၍ ကောင်းကံ၊ မကောင်းကံတို့ကို နေ့စဉ်လုပ်ကိုင်နေကြရာ၌ အပါယ်ရောက်ကြောင်းကံတို့ကိုမပြုလုပ်မိစေဘဲ အပါယ်ဆင်းရဲဘေးမှ ဝေးကြရလေအောင် သတိဝီရိယကြီးကြီးထား၍ ကောင်းကံများကိုသာ ပြုလုပ်သွားသင့်ပေသည်။ ။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန
လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
"ပြင်ပလေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ"

**ပြင်ပလေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်စေသည့် အခိုးအငွေ့များထွက်ရှိစေသော အဓိကအကြောင်းရင်းများ–**

- စက်ရုံအလုပ်ရုံများနှင့် အမှိုက်မီးရှို့စက်များမှ ထွက်ရှိလာသော အခိုးအငွေ့များ၊
- မီးစက်များ၊ အင်ဂျင်စက်များ၊ မော်တော်ယာဉ်များမောင်းနှင်ခြင်းမှ ထွက်ရှိသော အခိုးအငွေ့များ၊
- ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ ကဲ့သို့သော တိရစ္ဆာန်များ အစာခြေခြင်းမှထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များ။

**ပြင်ပလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ် သက်ရောက်မှုများ–**

- လေထုညစ်ညမ်းမှုနှင့် ထိတွေ့ခြင်းကြောင့် လတ်တလောတုံ့ပြန်မှုအဖြစ် မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများ ယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်း တို့ဖြစ်ပွားစေနိုင်ပါသည်။
- လေထုညစ်ညမ်းမှုအနည်းအကျဉ်းကိုဖြစ်စေ ကာလတာရှည်ထိတွေ့မိခြင်းကြောင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်းအန္တရာယ်ကို မြင့်မားစေခြင်း၊ ပန်းနာရင်ကြပ်ရောဂါကို ပိုမိုဆိုးရွားစေခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာရောဂါနှင့် အရွယ်မတိုင်ခင် သေဆုံးခြင်းတို့ ဖြစ်ပွားစေနိုင်ပါသည်။

**ပြင်ပလေထုညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း**

- စက်ရုံ၊ အလုပ်ရုံများမှ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေနိုင်သော အခိုးအငွေ့ထွက်ရှိမှုများကို လျှော့ချခြင်း၊
- လူနေအိမ်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဆေးရုံ၊ဆေးခန်းများမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ စနစ်တကျ စီမံခန့်ခွဲစွန့်ပစ်ခြင်း၊
- ပတ်ဝန်းကျင်တွင်မီးခိုးငွေ့ကင်းစင်စေရန် သန့်ရှင်းသောလောင်စာအဖြစ် လျှပ်စစ်မီးဖို၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးဖိုနှင့် ဂတ်မီးဖိုများ အသုံးပြုခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုခြင်း၊
- ရုပ်ကြွင်းလောင်စာဖြင့် မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုခြင်းကို တတ်နိုင်သမျှ လျှော့ချခြင်း။

| ဝန်းကျင်လေထု အရည်အသွေး ညွှန်းကိန်း(AQI) | (၀–၅၀) | (၅၁–၁၀၀) | (၁၀၁–၁၅၀) | (၁၅၁–၂၀၀) | (၂၀၁–၃၀၀) | (၃၀၁–၅၀၀) |
|---|---|---|---|---|---|---|
| | ကောင်း | သင့် | ညံ့ | ညစ်ညမ်း | ပိုမိုညစ်ညမ်း | အန္တရာယ်ရှိသည် |

ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း (AQI)တန်ဖိုး(၁၅၁–၂၀၀) အနီရောင်အဆင့်နှင့်အထက်မှစ၍ မဖြစ်မနေ နှာခေါင်းစည်း(Mask) ဝတ်ဆင်ပါ။

၂၀၂၅ ခုနှစ်၊ မတ်လ

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။
( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။
(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

ဝါးခယ်မမြို့နယ်၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မေ ၁ ရက် နံနက်ပိုင်းတွင် မြသိန်းတန်ရပ်ကွက်ရှိ မြသိန်းတန် စေတီတော်မြတ်ကြီးဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် Magway City Cup အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲတက်ရောက်

**မကွေး မေ ၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မကွေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်က ဦးစီးကျင်းပသည့် Magway City Cup ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းနားကို ယမန်နေ့ညနေပိုင်းက မကွေးမြို့ တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသော အားကစားဝါသနာရှင်များ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် Magway City Cup အမျိုးသားအလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် Squad X FC နှင့် UYN FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲတွင် Squad X FCအသင်းကို UYN FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ Magway City Cup အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် ဒိုင်လူကြီးများအား Magway City Cup ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် ပွဲစဉ်တစ်လျှောက် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း အကောင်းဆုံး ကစားသမားဆုရရှိသူများ၊ အကောင်းဆုံး ဂိုးသမားဆု ရရှိသူနှင့် ဒုတိယဆုရရှိသော Squad X FC အသင်းတို့အား ဆုကလပ်နှင့် ငွေသားဆုများကို တာဝန်ရှိသူတို့က ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သော UYN FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆု ကျပ်သိန်း ၃၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုချီးမြှင့်ပေးသည်။



အဆိုပါ Magway City Cup အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကာ မတ် ၂၈ ရက်မှ ဧပြီ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

မောင်ညီညာ

❖ ကျောဖုံးမှ

စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာက အာဆင်နယ်အမျိုးသမီးအသင်းကို ကိုးမှတ်ဖြတ်ကာ အမျိုးသမီး စူပါလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီး အမျိုးသမီးအသင်းဟာ အခုမေလအတွင်းမှာ အက်ဖ်အေဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် မန်ယူအမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ ရှိနေတာကြောင့် အခုဘောလုံးရာသီမှာ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးရရှိနိုင်မယ့်အခွင့်အရေးရှိနေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ၂၀၂၃–၂၀၂၄ ဘောလုံးရာသီကလည်း အမျိုးသမီးစူပါလိဂ်ဖလားကို ရမှတ်တူဂိုးကွာခြားချက်နဲ့ ချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## FIFA - MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၁**

FIFA–MFF ယူ–၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ကို မေ ၁ ရက်က တောင်ဒဂုံ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။ ငလျင်ဒဏ်ကြောင့် ရွှေ့ဆိုင်းထားသည့် ပွဲစဉ်များအား ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ပွဲစဉ် (၃) တွင် Kyaung Sayar Tarhtwe အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၆ ဂိုး–တစ်ဂိုး၊ Victoria အသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုး–နှစ်ဂိုး၊ Avengers အသင်းက Golden Boys အသင်းကို လေးဂိုး–တစ်ဂိုး၊ King Cobra အသင်းက Jullniss အသင်းကို ငါးဂိုး–သုံးဂိုး၊ မလိခအသင်းက TKA Stars အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး Pacific Sun Far အသင်းနှင့် SGF အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် သုံးပွဲဆက်အနိုင်ရထားသည့် အသင်းများအနက် Kyaung Sayar Tarhtwe အသင်းနှင့် Victoria အသင်းတို့သာ လေးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး SGF အသင်းမှာမူ သရေကျခဲ့သဖြင့် Avengers အသင်းနှင့် ရမှတ် ၁၀ မှတ်စီ တူညီခဲ့သည်။ သတင်း–ရှိုင်းထက်ဇော်

ဓာတ်ပုံ–MFF



Kyaung Sayar Tarhtwe အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | (၅-၅-၂၀၂၅) ရက်(တနင်္လာနေ့) မှ (၂၃-၅-၂၀၂၅) ရက်(သောကြာနေ့)အထိ |
| (ခ) | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** | - | (၂၃-၅-၂၀၂၅) ရက်(သောကြာနေ့) ညနေ (၁၆:၀၀) နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်နေ့ရက်** | - | (၂၇-၅-၂၀၂၅) (အင်္ဂါနေ့) |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ပြည်နယ်ဦးစီးမှူးရုံး၊ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အရာတော်(၂)လမ်းထိပ်၊ တောင်ဝိုင်းလမ်း၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၄၀၈၅၊ ၀၅၇-၂၀၂၄၃၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ နှင်းဆီလမ်း၊ ရွှေမြယာကုန်းကျေးရွာ၊ ဦးပိုင်အမှတ်(၇၈/၁၄) ဦးစံပု(အမည်ပေါက်)၊ အကျယ်အဝန်း (၂၀ ပေ x ၁၂၀ ပေ) ပေါ်တွင် အဆောက်အဦပါသော မြေကွက်အား ဦးမောင်ဦး [၁၂/မဂဒ(နိုင်)၀၆၈၉၄၃] မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်သူ ဖြစ်ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှ ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်းမှ ကန့်ကွက်လာမှုများအပေါ် ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ဘဲ ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးအောင်**
**[၁၂/မဂတ(နိုင်)၀၇၇၅၉၃]**
**ဖုန်း-၀၉-၄၂၀၁၃၄၇၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ စပယ်(၁)လမ်း၊ အမှတ်(၂၈)ဟု ခေါ်တွင်သော (အလျား ၁၃ပေ x အနံ ၇၀ ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ(ရေ+မီး)အစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ညွှန့်ညွှန့်သန်း [၁၂/ကမရ(နိုင်)၀၆၉၉၂၁]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်းဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိဖြူ [၈/ဆပဝ(နိုင်)၁၀၂၁၆၅]ကိုင်ဆောင်သူမှ ရောင်းချသည့်တန်ဖိုးဖြင့်ပင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဤမြေနှင့် နေအိမ်အဆောက်အဦဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်သတ္တ(တစ်ပတ်) (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း(မူရင်း) အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက မြေနှင့်နေအိမ်အဆောက်အဦ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိဖြူ[၈/ဆပဝ(နိုင်)၁၀၂၁၆၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၉၈/၄-၁၂-၁၉၈၄)**
**တိုက်-၉/၁၁၊ အခန်း(၁၀၃)၊ ပထပ်(စီ)၊ ၃၆-လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၄၄၃၀၂၁၈၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစုကျေးရွာ၊ မြရတနာလမ်း၊ အမှတ်(၅၀၃/ခ)၊ သကမ(၁)ဟု ခေါ်တွင်သော (၂၀ပေx၆၀ပေ)မြေကွက်တစ်ကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၁)ထပ်အိမ်(၁)လုံးနှင့် ငွေသွင်းချလန်မူရင်း၊ ဆက်စပ်စာချုပ်များအားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသီဟဇော် [၁၂/အလန(နိုင်)၁၄၅၃၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်[၁၂/မရက(နိုင်)၁၂၉၇၈၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်မောင်တင် (LL.B)**
